ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့၊ (12-2-2012)(၇၀၃၃)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁)ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံ၌ ဒေသခံပြည်သူများအား စကားလက်ဆောင်များ အားပေးပြောကြားစဉ်။ (သတင်းစဉ်)

တူညီတဲ့ဆန္ဒ

ရိုးသားတဲ့ စိတ်ရင်းစေတနာရှိသူတိုင်းဟာ ကိုယ့်နိုင်ငံကို ချစ်ကြပါတယ်။ ကိုယ့်နိုင်ငံကို ကောင်းစားစေလိုကြပါတယ်။ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ နေလိုကြပါတယ်။ ကိုယ့်မြေ၊ ကိုယ့်ပြည်၊ ကိုယ့်ဆွေမျိုး အသိုင်းအဝိုင်းကို ခင်တွယ်ကြပါတယ်။ ငြိမ်းချမ်းသာယာဝပြောတဲ့ လူ့ဘောင်အဖွဲ့အစည်းကြီးကို ထူထောင်လိုကြပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ တူညီတဲ့ဆန္ဒဖြစ်ပါတယ်။ ဒီ Common Ground ပေါ် အခြေခံပြီး ငြိမ်းချမ်းသာယာတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံ၊ ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါနေနိုင်တဲ့ နိုင်ငံဖြစ်အောင် ဝိုင်းဝန်းတည်ဆောက်ကြဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

[၁၇-၈-၂၀၁၁ ရက်နေ့တွင် ကျင်းပသော စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်းအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနား၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(စစ်ကိုင်း)ဖွင့်လှစ်နိုင်ရေး၊ သမဝါယမကောလိပ်(စစ်ကိုင်း)နှင့် နည်းပညာကောလိပ်(စစ်ကိုင်း)တို့ကို တက္ကသိုလ်အဆင့်မြှင့်တင်ပေးနိုင်ရေးအတွက် စစ်ကိုင်းမြို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်ထိတွေ့ဆွေးနွေး

စစ်ကိုင်းမြို့မှ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ရေဝတီတံတား(ရတနာပုံ)တံတားအဆင်းမှ စစ်ကိုင်းမြို့တွင်းအထိ စစ်ကိုင်း-မုံရွာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြ အားရဝမ်းသာ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ဆန်း၊ ဦးစိုးသိန်း၊ ဦးသိန်းထိုက်၊ ဦးခင်ရီ၊ ဦးအေးမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုးနှင့် ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဘရွှေနှင့် ဒေါက်တာဝင်းမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၈ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

အလားတူ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသည့် ကမ္ဘောဇကုမ္ပဏီအုပ်စုဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်၊ IGE ကုမ္ပဏီဥက္ကဋ္ဌ ဦးနေအောင်နှင့် အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီဥက္ကဋ္ဌ ဦးစိုးနိုင်တို့လည်း ယနေ့ခရီးစဉ်တွင် တစ်ပါတည်းလိုက်ပါကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းမြင့်နှင့် ဦးခင်မောင်မြင့်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့ လိုက်ပါလျက် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့သို့ ရောက်ရှိကြရာ စစ်ကိုင်းမြို့မှ ဒေသခံပြည်သူများ၊ သမဝါယမကောလိပ်(စစ်ကိုင်း)နှင့် နည်းပညာကောလိပ်(စစ်ကိုင်း)တို့မှ ကျောင်းသား ကျောင်းသူများက နိုင်ငံတော် အလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း၊ **"နိုင်ငံတော်သမ္မတကြီးနှင့် ဒုတိယသမ္မတကြီး ကျန်းမာပါစေ"** ဟူသည့် ကြွေးကြော်သံများကို ကြွေးကြော်၍ လည်းကောင်း၊ ဂုဏ်ပြုပန်းစည်းများကမ်း၍ လည်းကောင်း ဧရာဝတီတံတား(ရတနာပုံ)တံတားအဆင်းမှ စစ်ကိုင်းမြို့တွင်းအထိ စစ်ကိုင်း-မုံရွာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြ အားရဝမ်းသာ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် စစ်ကိုင်းမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁) ဂျုံနှင့်ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံသို့ ရောက်ရှိကြရာ ၎င်းစက်ရုံမှ ဆီးကြိုနှုတ်ဆက်ကြသည့် ဒေသခံပြည်သူများအား နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့က ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဒေသတစ်ခုလုံးအတွက် စကားလက်ဆောင်များ အားပေးပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ စာ တည်း ရှု ထောင့်

၁၂-၂-၂၀၁၂[တနင်္ဂနွေနေ့]။

ပြည်ထောင်စုပန်းခင်း ထာဝစဉ်မွှေးကြိုင်

နိုင်ငံ၏မြောက်ဘက်ဖျားတွင် ဝေသီမြင့်မားတောင်တန်းကြီးများ။ တောင်တန်းကြီးများအကြား မေခနှင့်မလိခပေါင်းဆုံရာမှ မြစ်မင်းဧရာဝတီအဖြစ် ရစ်ခွေစီးဆင်းနေ၏။ တောင်စဉ်တောင်တန်း မြေပြန့်လွင်ပြင်၊ ကျယ်ပြန့်သော ပင်လယ်ပိုင်နက်၊ ရေ၊ မြေ သဘာဝသစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်နေသော မြတ်နိုးဖွယ်မြန်မာနိုင်ငံ။

ဧရာဝတီမြစ်ကြီး၏ တစ်ဖက်တစ်ချက်တွင် သွေးရင်းသားချင်း ပြည်ထောင်စုတိုင်းရင်းသားများ နေထိုင်ကြ၏။ နေထိုင်ရာဒေသအလိုက် လူမျိုးအနွယ်မတူညီကြသော်လည်း အခြေခံယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ဆက်နွှယ်လျက်ရှိ၏။ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက မိမိတို့အမျိုးအနွယ်ကို စောင့်ရှောက်ရင်း ရှည်လျားခိုင်မာသော သမိုင်းစဉ်တစ်လျှောက် တစ်ဦးနှင့်တစ်ဦး လေးစားချစ်ကြည်ကြ၏။ နားလည်စာနာမှု၊ ကြည်ဖြူခွင့်လွှတ်မှုများဖြင့် ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် နေထိုင်လာခဲ့ကြ၏။ အကြောင်းခံတရားမှာ ပြည်ထောင်စုသွေး၊ ပြည်ထောင်စုသားများ၏ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နေခြင်းကြောင့်ပင်ဖြစ်၏။

နိုင်ငံအတွင်း နယ်မြေဒေသအနှံ့တွင် တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ ပျံ့နှံ့နေထိုင်လျက်ရှိရာ တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုး၊ နယ်မြေဒေသ အစိတ်အပိုင်းတစ်ရပ်ရပ်ကိုမျှ သီးသီးသန့်သန့်ခွဲခြားပိုင်းဆစ်၍ မရနိုင်ပေ။ ယင်းသို့ ရေမြေချင်းဆက်စပ်နေသော်လည်း ပထဝီအနေအထားအရ မြစ်ချောင်းများခြားနေမှု၊ တောင်တန်းကြီးများ ကာဆီးနေမှုကြောင့် တိုင်းရင်းသားအချင်းချင်း အနေနီးကြသော်လည်း လမ်းပန်းဆက်သွယ်ရေး အတားအဆီးများကြောင့် ခရီးက ကွာဝေးခဲ့ကြရ၏။ ပမာအားဖြင့် ဧရာဝတီမြစ်ကြီးခြားလျက်ရှိရာ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတို့ လှမ်းမြင်နေရသည့်တိုင် နေ့ချင်းပင်ခရီးမပေါက်။ ဖွံ့ဖြိုးစည်ပင်မှုများ နောက်ကျခဲ့ရ၏။

ယနေ့သော် တိုင်းရင်းသားပညာရှင်တို့၏အားမာန်ဖြင့် တောင်တွေ့လျှင် လမ်းဖောက်ကြ၏။ မြစ်တွေ့လျှင် တံတားဆောက်ကြ၏။ လမ်းကွန်ရက်သစ်များ ဖြန့်ကြက်နိုင်မှု၏အကျိုးရလဒ်အဖြစ် ယခင်က အိပ်မက်ပင် မမက်ခဲ့ဖူးသောဒေသများ၌ပင် တံတားသစ်ကြီးများ တစ်စင်းပြီး တစ်စင်း ပေါ်ထွက်လာခဲ့ပေပြီ။ နိုင်ငံ၏တောင်နှင့်မြောက် အရှေ့နှင့်အနောက် ဆက်သွယ်သွားလာနိုင်သည့် ကားလမ်းသစ်များလည်း ဖောက်လုပ်ထားရာ တိုင်းရင်းသားချင်း အနေလည်းနီး ခရီးလည်းသာနေပေပြီ။

နိုင်ငံတစ်ဝန်း ပေါင်းကူးဆက်သွယ်ပေးနိုင်သည့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးပေါ်မှ ဧရာဝတီတံတား(ပခုက္ကူ)အပါအဝင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်ကြီးများပေါ်မှ များပြားလှစွာသော တံတားကြီးငယ် အသွယ်သွယ်တို့ကို လက်ယှက်ထိုး ဖောက်လုပ်တည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုတိုင်းရင်းသားအသီးသီး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအကျိုးပြု ပြည်ထောင်စုလမ်းတံတားကြီးများဟုပင် ခေါ်ဆိုနိုင်ပေသည်။

နိုင်ငံ၏ ပထဝီအနေအထား၊ ရေမြေသဘာဝ အဆီးအတားများ မည်သို့ပင် ကာဆီးစေကာမူ တိုင်းရင်းသားအားလုံး၏ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်သော စိတ်ဓာတ်ခွန်အား ကြီးမားမှုတို့ကြောင့် အခက်အခဲဟူသမျှကို ကျော်လွှားနိုင်ခဲ့ကြပေပြီ။ အနှောင့်အယှက် အဟန့်အတားဟူသမျှကို ဖယ်ထုတ်နိုင်ခဲ့ကြပေပြီ။

မြန်မာနိုင်ငံသည် ဘေးဘိုးအစဉ်အဆက် ပေါင်းစည်းညီညွတ်သည့် အစဉ်အလာရှိသော နိုင်ငံဖြစ်၏။ သမိုင်းအတွေ့အကြုံအရ စည်းလုံးညီညွတ်ခြင်းသည် ပြည်ထောင်စု၏အင်အားဖြစ်၏။ ယနေ့အချိန်အခါသည် ခေတ်သစ် စနစ်သစ်ဖြင့် နိုင်ငံသစ်ကို တည်ဆောက်နေသည့် ကာလဖြစ်၏။ ညီကိုနောင်ရင်း သွေးချင်းသားချင်းတို့က နှစ်ပေါင်းရာထောင်မက လက်တွဲခိုင်မြဲခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ်ကြိုးပမ်းအားထုတ်ကြလျှင် ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေဆာနေသည့် ပြည်ထောင်စုပန်းခင်းကြီးသည် ထာဝစဉ်တည်တံ့မွှေးပျံ့ကြိုင်လှိုင်နေမည်သာ ဖြစ်ပါသည်။ ။

လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် စနစ်တကျဆောင်ရွက် ယခုပွင့်လင်းရာသီအချိန်တွင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်သွား

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် လုပ်ငန်းအကြိုညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာ၌ တက်ရောက်လာကြသည့် အင်ဂျင်နီယာမှူးကြီးများအနေဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် စနစ်တကျဆောင်ရွက်ရန်၊ လုပ်ငန်းအလိုက် ရန်ပုံငွေသုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျစိစစ်အသုံးပြုရန်၊ လုပ်ငန်းသုံးကတ္တရာများ အလေအလွင့်မရှိအောင် စနစ်တကျအသုံးပြုရန်၊ စက်ယာဉ်ယန္တရားများကိုလည်း လုပ်ငန်းခွင်အလိုက် လိုအပ်သည့်နေရာများတွင် စနစ်တကျအသုံးပြုရန်၊ ယခုပွင့်လင်းရာသီအချိန်တွင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ် လုပ်ငန်းအကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့က တိုင်းဒေသကြီးနှင့် ပြည်နယ်အင်ဂျင်နီယာမှူးကြီးများအနေဖြင့် မိမိတို့နယ်မြေအတွင်း ကျရာလုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရန်၊ နယ်မြေအလိုက် လုပ်ငန်းများတိုးတက်အောင်မြင်စေရန်၊ လမ်း/တံတားအသစ်တည်ဆောက်မှုလုပ်ငန်းများနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း အပိုင်းများကိုလည်း အလေးထားဆောင်ရွက်သွားရန်၊ ရရှိသည့် ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲရန်၊ စက်သုံးဆီများကိုလည်း အလေအလွင့်မရှိအောင် စနစ်တကျ စိစစ်အသုံးပြုရန်တို့ကို မှာကြားကြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အင်ဂျင်နီယာမှူးကြီးများက မိမိတို့ တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၈၇၀၀	၀. ၀၃၂၃၉
တရုတ် (ယွမ်)	၆. ၂၉၄၃၀	၀. ၁၅၈၈၇
အိန္ဒိယ (ရူပီး)	၄၉. ၄၇၅၀	၀. ၀၂၀၂၁
မလေးရှား (ရင်းဂစ်)	၃. ၀၂၈၀၀	၀. ၃၃၀၂၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၁၂၅	၀. ၇၉၂၈၆
ဂျပန် (ယန်း)	၇၇. ၆၃၅၀	၀. ၀၁၂၈၈
တောင်ကိုရီးယား(ဝမ်)	၁၁၂၃. ၆၅	၀. ၀၀၀၈၉
ယူရို	၀. ၇၅၇၇၅	၁. ၃၁၉၇၀
ဗြိတိသျှ (ပေါင်)	၀. ၆၃၄၆၈	၁. ၅၇၅၆၀

အင်တာနက်။

(၆၄)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

(ယမန်နေ့မှအဆက်)

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းအာဂုံအောင် ဉာဘတောဝိဘင်္ဂရေ (၄၄)ပါး

ပလ္လင်အမှတ်(၈၇) အရှင်ခေမာစာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ၊ သာသနဝံသကျောင်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၈၉) အရှင်သုန္ဒရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၉၀) အရှင်ကုမာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၉၁) အရှင်ခေမာစာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၉၄) အရှင်ပဏ္ဍိစ္စ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၉၆) အရှင်ဓမ္မဉာဏ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၉၇) အရှင်ကောဝိဒ(ပဲခူး)၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ၊ ဘုရားကလေးရွာ၊ ကျိုက်ဇမျှားကျောင်းတိုက်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၀၀) အရှင်ကာရုဏိက၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၀၄) အရှင်ဝရသာမီလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၁၀) အရှင်ပညိန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၅)ဝါ၊ အုတ်ကန်တောရစာသင်တိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၁၁) အရှင်ပညာသီဟာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ ဓမ္မစေတီထေရဝါဒသာသနာပြုကျောင်းတိုက်၊ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၁၂) အရှင်ဉာဏောဘာသ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၁၃) အရှင်တေဇောဘာသ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ ရန်ကုန်ကျောင်း၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၁၄) အရှင်နန္ဒိယ(နတ်မောက်)၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၁၅) အရှင်တိလောက(ဘုတလင်)၊ အသက်(၂၅)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၁၆) အရှင်ကုန္ဒာနန္ဒ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၁၇) အရှင်ခေမာစာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပလ္လင်အမှတ်(၁၁၉) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ မဟာခေမိကာရာမရွှေကျင်စာသင်တိုက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) သက်ကြီးကန်တော့ခံ ၇၁ ဦးအား ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က အသင်းတည်ရှိရာ ဒေးဒရဲဓမ္မာရုံကြီး၌ ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူး ရရှိသော မကျော်ဝင့်ဝင့်လင်းအား ဒေးဒရဲမြို့နယ်အသင်းဥက္ကဋ္ဌ ဦးအောင်သန်းမြင့် ဆုချီးမြှင့်စဉ်။

(ကြေးမုံ)

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပေါက်ပင်သာကျေးရွာ အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၁ -၂၀၁၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးမင်းထူးချွန်ဆုရ ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။

(၆၅၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁) ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံ အစည်းအဝေးခန်းမ၌ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (စစ်ကိုင်း)ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မြို့မိမြို့ဖ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများအား ရှင်းလင်းဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

☆ရှေ့ဖုံးမှ

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စက်ရုံအစည်းအဝေးခန်းမ၌ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (စစ်ကိုင်း) ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မြို့မိမြို့ဖ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(စစ်ကိုင်း) စတင်ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

နိုင်ငံတော်သမ္မတကြီးက ဆွေးနွေးမှာကြားရာတွင် မနက်ဖြန်တွင် ကျရောက်မည့် ပြည်ထောင်စုနေ့အကြိုအဖြစ် စစ်ကိုင်းဒေသမှ လူငယ်များ၏ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် အပတ် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာရောက်ခဲ့စဉ်က ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် ချက်ချင်းအရေးယူဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပထမအချက်မှာ စစ်ကိုင်းဒေသမှ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်ပညာရေးအတွက် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(စစ်ကိုင်း)ကို ယခုလာမည့် ပညာသင်နှစ်မှစ၍ စတင်ဖွင့်လှစ်သင်ကြားနိုင်အောင် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ စစ်ကိုင်းဒေသ၌ တက္ကသိုလ်ပညာဆည်းပူးလိုသည့် ကျောင်းသား ကျောင်းသူသွားရောက် ပညာသင်ယူခဲ့ရသည့်အတွက် ကျောင်းသားများကိုရော ကျောင်းသားမိဘများကိုပါ များစွာကိုယ်ချင်းစာနာမိပါကြောင်း၊ သို့အတွက် စစ်ကိုင်းဒေသမှ ပြည်သူများ၏ တင်ပြချက်များအပေါ် အလေးအနက် စဉ်းစားသုံးသပ်ပြီး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (စစ်ကိုင်း)ဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံတော်၏အား၊ ဒေသခံအလှူရှင်များ၏ အားနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ အားများဖြင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(စစ်ကိုင်း)အတွက်နေရာကို စစ်ကိုင်းမြို့အထွက် သုံးမိုင်ခန့်အကွာတွင် သတ်မှတ်ရွေးချယ်ထားပြီးဖြစ်၍ အဆောက်အအုံများကို အမြန်ဆုံး စတင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း။

ဒုတိယအဖြစ် သမဝါယမကောလိပ်(စစ်ကိုင်း)ကို သမဝါယမတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးသွားမည် ဖြစ်ပါကြောင်း၊ ယခင်က သမဝါယမကောလိပ် နှစ်နှစ်တက်ရောက်ပြီး ဒီပလိုမာရရှိပြီးသူများသည် ဘွဲ့ဒီဂရီရရှိရန်အတွက် မြန်မာနိုင်ငံအောက်ပိုင်း သန်လျင်ရှိ သမဝါယမဒီဂရီကောလိပ်သို့ သွားရောက်ဆက်လက် ပညာသင်ယူခဲ့ကြရပါကြောင်း၊ ယခုအခါ သန်လျင်ရှိ သမဝါယမဒီဂရီကောလိပ်သည် သမဝါယမတက္ကသိုလ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ်(၁) ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံ၌ ဒေသခံပြည်သူများအား စကားလက်ဆောင်များအားပေးပြောကြားစဉ်။

(သတင်းစဉ်)

အရေအတွက် များပြားပြီး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်ရန်အတွက် တိုင်းဒေသကြီးအတွင်းရှိ မုံရွာနှင့် ရွှေဘိုမြို့များအထိ သွားရောက်ပညာသင်ယူနေကြရပါကြောင်း၊ ထို့အတွက် နေရေးထိုင်ရေး၊ စားရေးသောက်ရေးမှစ၍ ကုန်ကျစရိတ်များ များပြားပြီး ကျောင်းသားများရော မိဘများပါ ဒုက္ခရောက်ခဲ့ရပါကြောင်း၊ မိမိသည်လည်း ငယ်စဉ်က ပညာကို ခက်ခဲပင်ပန်းစွာ အဝေးရပ်မြေသို့

ဖြစ်လာမည်ဖြစ်သကဲ့သို့ သမဝါယမကောလိပ်(စစ်ကိုင်း)ကိုလည်း သမဝါယမတက္ကသိုလ်အဖြစ်လာမည့် ပညာသင်နှစ်မှစ၍ တိုးမြှင့်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ သို့အတွက် မြန်မာနိုင်ငံအထက်ပိုင်းနှင့် အောက်ပိုင်းတို့တွင် သမဝါယမတက္ကသိုလ်တစ်ခုစီ ရှိလာမည်ဖြစ်ပါကြောင်း။

တတိယအဖြစ် နည်းပညာကောလိပ်(စစ်ကိုင်း)ကို နည်းပညာတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ နည်းပညာကောလိပ်၌ ဘွဲ့ဒီဂရီများ လေ့ကျင့်သင်ကြား ချီးမြှင့်အပ်နှင်းနေပြီဖြစ်သည့်အတွက် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပြောင်းလဲဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသည် ဧရိယာအားဖြင့် များစွာကြီးမားကျယ်ပြန့်ပြီး လူဦးရေအားဖြင့်လည်း ၄ ဒသမ ၈ သန်းနေထိုင်သည့် တိုင်းဒေသကြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် လိုက်လျောညီထွေဖြစ်စေရန် ကျန်းမာရေးအပိုင်းနှင့် စပ်လျဉ်း၍လည်း စစ်ကိုင်းမြို့တွင် ခုတင်(၂၀၀) ဆေးရုံဖွင့်ပေးထားပြီးဖြစ်ပါကြောင်း၊ ယခု ပညာရေးပိုင်းဆိုင်ရာ မြှင့်တင်ဆောင်ရွက်ပေးမှုများကြောင့် နောင်တစ်ချိန်တွင် ကလေးတိုင်း ဘွဲ့ဒီဂရီရလူငယ်များ ဖြစ်လာရမည်ဟု ရည်မှန်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ အနာဂတ်တွင် လူငယ်များအားလုံး အသိပညာ၊ အတတ်ပညာရှင်များ ဖြစ်လာမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက် အောင်မြင်မည်ဖြစ်ကြောင်း၊ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် အနာဂတ် အကျိုးအမြတ်အတွက် အာမခံချက်အရှိဆုံး၊ အဖိုးအတန်ဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ဟု ခံယူဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

များစွာအကျိုးဖြစ်ထွန်းစေမည်

မိမိတို့နိုင်ငံသည် ရေမြေသဘာဝအခြေခံကောင်းများ မူလကပင် ပိုင်ဆိုင်ထားပြီးဖြစ်သည့်အတွက် မြန်မာပြည်သူတိုင်း တကယ်အလုပ်လုပ်ကြလျှင် နိုင်ငံနှင့်ပြည်သူ ချမ်းသာရန်၊ ဖွံ့ဖြိုးတိုးတက်ရန် မခက်ခဲပါကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ရိုးရိုးသားသားနှင့် ဥပဒေဘောင်အတွင်းက လွတ်လပ်စွာ ကြိုးပမ်းအလုပ်လုပ်ကြမည်ဆိုပါက မိမိအတွက်ရော နိုင်ငံအတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်းဖြင့် ရင်းနှီးစွာ ရှင်းလင်းဆွေးနွေးမှာကြားသည်။

စစ်ကိုင်းမြို့တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ကို ယခုပညာသင်နှစ်မှစတင်၍ ဖွင့်လှစ်ပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လောလောဆယ်တွင် အမှတ်(၁) ဂျုံနှင့် ဂျုံထွက်စားကုန်ပစ္စည်းစက်ရုံ၌ ပထမနှစ်သင်တန်းများကို စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် စာသင်ဆောင်အသစ်များကိုလည်း အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးသွားမည်ဖြစ်သည်။ လောလောဆယ် စာသင်ဆောင်အဖြစ် အသုံးပြုမည့် အဆောက်အအုံများ လေဝင်လေထွက်ကောင်းမွန်ရေး၊ လုံလောက်သော အလင်းရောင်ရရှိရေးနှင့် ကျောင်းသား ကျောင်းသူများ စနစ်တကျ သင်ကြားနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်တောင်ဘက်မုခ်ရှိ ပဥ္စလောဟာဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့က စေတီတော်အတွက် အလှူငွေများ လှူဒါန်းကြပြီး စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ စေတီတော်ပရဝဏ်ရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေသူများအား နှုတ်ဆက်အားပေးကာ စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် စစ်ကိုင်းမြို့ ကျောက်ဆစ်ရပ်ကွက်ရှိ အစိုးရနည်းပညာကောလိပ် (စစ်ကိုင်း)သို့ ရောက်ရှိကြရာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာအောင်ဆန်းလင်းက ကောလိပ် တည်နေရာ၊ သမိုင်း၊ ရည်မှန်းချက်၊ သင်ကြားပေးလျက်ရှိသော အဓိကဘာသာရပ်များနှင့် ကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆွေးနွေးမှာကြားရာတွင် ယခုနောက်ပိုင်း၌ စစ်ကိုင်းမြို့သို့ နိုင်ငံတော်အကြီးအကဲများ အရောက်အပေါက်နည်းလာသည့်အတွက် မိမိအနေဖြင့် စစ်ကိုင်းဒေသပြည်သူများနှင့် ယခုကဲ့သို့ ထိတွေ့ဆွေးနွေးနိုင်ရန် မှတ်မှတ်ရရ အလေးထားလာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့အကြိုအဖြစ် စစ်ကိုင်းသား စစ်ကိုင်းသူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် ပညာရေးဆိုင်ရာ တိုးမြှင့်မှုများကို လာရောက်ဆောင်ရွက်ခြင်းလည်း ဖြစ်ကြောင်း၊ ထိုတိုးမြှင့်မှုများမှာ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်(စစ်ကိုင်း)၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)နှင့် နည်းပညာတက္ကသိုလ် (စစ်ကိုင်း)တို့ဖြစ်ပါကြောင်း၊ အဆိုပါတက္ကသိုလ်များ အသစ်ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရဘက်က စိုက်ထုတ်ကျခံမှုများသာမက ဒေသခံစေတနာရှင်များနှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်းဖြည့်ဆည်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၂-၂-၂၀၁၂ (တနင်္ဂနွေနေ့)

AM & PM

၅း၄၀	"ခန္ဓာက ဟောတဲ့ တရားနာကြပါ" တရားတော်(ဆရာတော် ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
၆း၄၀	(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်
၉း၂၅	The Shop Around The Corner
၉း၅၀	CAPTAIN'S CUP ဂေါက်သီးရိုက်ပြိုင်ပွဲ
၁၀း၁၅	Sunday Talk (ဦးထွန်းလွင်၊ မျိုးမြတ်သူ)
၁၀း၄၀	ဗီဒီယိုပြခန်း
၁၁း၁၀	အလှအပနှင့် ကျန်းမာရေးအတွက် JUNE ROSE
၁၁း၂၀	နိဗ္ဗာန်သို့ရည်မှန်း ကုသိုလ်ယူ မြတ်သောအလှူ (ဓမ္မနိမိစေတီတော် ထီးတော်တင်လှူပွဲ)
၂း၂၀	ဈေးဝယ်လမ်းညွှန်(it girl)
၂း၄၀	ပြီးပြည့်စုံသောအနားယူ အပန်းဖြေမှုအတွက် အဖော်မွန်
၃း၀၀	ရန်ကုန်မြင်ကွင်းကျယ် (အထက(၂)ဒဂုံ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ)
၃း၁၀	ဂဏန်းသင်္ချာပျော်စရာ
၅း၂၀	"တေးသွားဇာကရီ" (အပိုင်း-၁၄)
၈း၃၀	ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၄၆)
၈း၄၅	"ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၆၇)
၁၀း၂၅	Barclays Premier League Aston Villa Vs Man Ctiy
၁၁း၅၅	ဟိုတယ်လမ်းညွှန် (Hotel ACE Chaung Tha Beach)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၂၅	Wolves-West Brom	(ESPN)
၁၀း၂၅	Aston Villa-Man City	(ESPN) (MRTV-4)

◆ ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

❖စာမျက်နှာ ၃ မှ

နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဖြန့်ကြက်စဉ်းစား သုံးသပ် လုပ်ဆောင်နေရခြင်းဖြစ်သည့် အတွက် အလုံးစုံပြည့်စုံအောင် ဖြည့်ဆည်းပေးရန် မဖြစ်နိုင်သေးကြောင်း၊ ထို့ကြောင့် ဒေသခံစေတနာရှင်များ၏ အားနှင့် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များ၏ အားများကိုပါ ရယူပြီး ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ယခု စစ်ကိုင်းဒေသအတွက် ဆောင်ရွက်ပေး မည့် တက္ကသိုလ်သုံးခုအတွက် ယခု ခရီးစဉ်၌ လိုက်ပါလာသည့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များက ၎င်းတို့ ဆန္ဒအလျောက် လှူဒါန်းငွေများ ထည့်ဝင် လှူဒါန်းခဲ့ပါကြောင်း။

သမဝါယမကောလိပ်(စစ်ကိုင်း)သည် ယခုပညာသင်နှစ်မှစ၍ သမဝါယမ တက္ကသိုလ်အဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သကဲ့သို့ နည်းပညာကောလိပ်(စစ်ကိုင်း)ကိုလည်း ယခု ပညာသင်နှစ်မှစ၍ နည်းပညာတက္ကသိုလ် အဖြစ်သို့ အဆင့်တိုးမြှင့်ပေးသွားမည်ဖြစ်ရာ တက္ကသိုလ်အဆင့်အတွက် လိုအပ်ချက် များအား နိုင်ငံတော်အပိုင်းက ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ယနေ့အခါတွင် မိမိတို့နိုင်ငံသည် ဒီမိုကရေစီကျကျ ပြည်သူက ရွေးချယ် တင်မြှောက်ပေးခဲ့သည့် အစိုးရအဖွဲ့နှင့် လွှတ်တော်အဆင့်ဆင့်တို့ ပေါ်ပေါက်လာခဲ့ပြီး ဒီမိုကရေစီကျင့်သုံးသည့် နိုင်ငံရေးစနစ်သို့ စတင်ကူးပြောင်းဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ သို့သော် ယနေ့စတင်ကျင့်သုံးကာစ တစ်နှစ်သားအရွယ် ဒီမိုကရေစီနှင့် အခြား အနောက်နိုင်ငံများက နှစ်ပေါင်းရာချီကျင့်သုံးလာခဲ့သည့် ဒီမိုကရေစီတို့ မည်သည့်နည်းနှင့်မျှ ထပ်တူမကျနိုင်ပါကြောင်း၊ ဒီမိုကရေစီကို ပုံတူကူးချ၍လည်း မရနိုင်ပါကြောင်း၊ ယခုကဲ့သို့ ဒီမိုကရေစီအတွေ့အကြုံ နုနယ်ပြီး ဒီမိုကရေစီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ဖြစ်လာအောင် ပုံဖော်တည်ဆောက်လျက် ရှိပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းမြို့ သမဝါယမကောလိပ်(စစ်ကိုင်း) မြသရဖီခန်းမ၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

အလေ့အကျင့် နည်းပါးသေးသည့် ကာလမျိုးဝယ် မိမိနိုင်ငံ၊ မိမိပြည်သူတို့၏ အခြေ အနေနှင့် လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီမျိုးကိုသာ ကျင့်သုံးဆောင်ရွက် သွားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုလွှတ်တော်၊ အစိုးရအဖွဲ့နှင့် တရားစီရင်ရေးအဖွဲ့များ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီး ဒီမိုကရေစီကို ကျင့်သုံးနိုင်ရန်အတွက် (၁) တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် (၂)စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိရန် အရေးကြီးပါကြောင်း၊ တိုင်းပြည်တည်ငြိမ် အေးချမ်းမှုရရှိစေရေးအတွက် ပြည်တွင်းနိုင်ငံရေး တည်ငြိမ်အောင်၊ ပြည်ပဖိအားများ လျော့ချနိုင်အောင်၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက်လည်း ဥပဒေနှင့် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ ဖြေလျှော့မှုများ၊ ပြုပြင် ပြောင်းလဲမှုများ၊ အသစ်ပြဋ္ဌာန်းမှုများကို အစဉ်တစိုက် အလေး ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုများကို တွေ့မြင်လာရသည့်အတွက် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံကို မျက်စိကျပြီး နေ့စဉ်နှင့် အမျှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လာရောက်ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြပါကြောင်း။

ထိုသို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်အနေဖြင့် အဆင့်(၃)ဆင့် သတ်မှတ်၍ စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအဆင့်မှာ မိမိပြည်သူများ အလုပ်အကိုင် များများရနိုင် သည့် လုပ်ငန်းများ(ဥပမာ-အထည်ချုပ်စက်ရုံ) စတင်နိုင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ကုန်ကြမ်းသက်သက်အဆင့် တင်ပို့ရာမှ ကုန်ချောအဆင့် ထုတ်လုပ်ပြီး တင်ပို့နိုင်ရေးအတွက် စီးပွားရေးအရ ကုန်ထုတ် လုပ်မှုဆောင်ရွက်နိုင်သည့် စက်ရုံများ တည်ထောင်သွားကြရ မည် ဖြစ်ပါကြောင်း၊ တတိယအဆင့်မှာ နည်းပညာမြင့်မားသည့် လုပ်ငန်းအဆင့်သို့ ကူးပြောင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ လက်ခံနိုင်ရေး စဉ်းစားရာ တွင်လည်း (၁) မိမိတိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မထိခိုက်စေရေး၊ (၂) မိမိတိုင်းပြည် ဂုဏ်သိက္ခာမထိခိုက်စေရေး၊ (၃) မိမိတိုင်းပြည်၏ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❒

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်မျက်ရတနာလုပ်ငန်း ရှင်များအသင်း(စစ်ကိုင်း)ရုံး၌ ကျောက်စိမ်းနှင့် ကျောက်မျက် အချောထည်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၂-၂၀၁၂ ပြည်ထောင်စုနေ့ (တနင်္ဂနွေနေ့)

၁။ အေးချမ်းသာယာ ပြည်မြန်မာ
၂။ ဖိတ်ခေါ်ပါသည်ရောဝတီ
၃။ **ကာတွန်းအစီအစဉ်**
-ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၃၀)
၄။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်**
-အဖြစ်အပျက်တစ်ခုရဲ့ နောက်ပိုင်းမှာ
၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း**
-ဖြူစင်သောနှလုံးသား (အပိုင်း-၅၉)
၆။ ၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ(ဓာတုဗေဒ)
၇။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း**
-သစ္စာစေတမန် (အပိုင်း-၁၅)
၉။ ပဟေဠိနန်းတော်
၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း**
-ငှက်ကလေးရဲ့ကွန်းခိုရာ (အပိုင်း-၁၀)
၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း**
-အရုဏ်ဦးရဲ့လင်းသံစဉ် (အပိုင်း-၁)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

❒ စာမျက်နှာ ၄ မှ

အချုပ်အခြာအာဏာကို မထိပါးစေရေးတို့အတွက် ထည့်သွင်းစဉ်းစား သုံးသပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ အင်အားကောင်းစွာ ဝင်ရောက်လာပြီး တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်၍ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာအောင် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ တိုးပွားပေါ်ပေါက်လာသည်နှင့်အမျှ ခေတ်မီနည်းပညာများကို တတ်ကျွမ်းနားလည်ပြီး ခေတ်မီစက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်သည့် Skill Labour လိုအပ်ချက် မြင့်မားလာမည်ဖြစ်ကြောင်း၊ အလားတူ စီမံအုပ်ချုပ်ခန့်ခွဲရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များလည်း မလွဲမသွေ လိုအပ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ကြားဆည်းပူးရာတွင် ဘွဲ့ရရုံသက်သက် သဘောမထားဘဲ တကယ်တတ်မြောက်အောင်၊ တကယ်ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာလိုက်စား ဆည်းပူးကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အပိုင်းက ယခုပညာရေးကို မြင့်တင်ဆောင်ရွက်ပေးနေသကဲ့သို့ ကျောင်းသား ကျောင်းသူများအပိုင်းကလည်း အနာဂတ်တွင် ပေါ်ပေါက်လာမည့် အခွင့်အလမ်းများကို မြော်တွေးပြီး နိုင်ငံနှင့်ပြည်သူ၏ အကျိုးစီးပွားကို မြှင့်တင်ဖော်ဆောင်ပေးနိုင်မည့်အသိ၊ အတတ်ပညာရှင်များဖြစ်လာအောင် ကြိုးစားကြရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

အစိုးရနည်းပညာကောလိပ်(စစ်ကိုင်း)ကို ၁၇-၉-၁၉၉၀ ရက်တွင် စက်မှုလက်မှုအထက်တန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၁-၁၂-၁၉၉၈ ရက်တွင် အစိုးရစက်မှုလက်မှု သိပ္ပံအဆင့်သို့ လည်းကောင်း၊ ၂၀-၁-၂၀၀၇ ရက်တွင် အစိုးရနည်းပညာကောလိပ်အဆင့်သို့လည်းကောင်း တိုးမြှင့်ပေးခဲ့သည်။ ယခုအခါ ယင်းကောလိပ်အား နိုင်ငံတော်က နည်းပညာတက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ထိုမှတစ်ဆင့် သမဝါယမကောလိပ်(စစ်ကိုင်း)သို့ ရောက်ရှိကြရာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကောလိပ်ရှိ မြသရဖီခန်းမ၌ ခေတ္တကျောင်းအုပ်ကြီး ဦးအောင်သူရက သမဝါယမဒီဂရီကောလိပ်နှင့် ကောလိပ်များ၊ သင်တန်းကျောင်းများဖွင့်လှစ်ထားရှိမှု၊ နောက်ခံသမိုင်းနှင့် သင်ကြားပေးသော ဘာသာရပ်များ၊ ကောလိပ်များဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် စစ်ကိုင်းဒေသသည် ယဉ်ကျေးမှုအနုပညာ၊ အထူးသဖြင့် လက်မှုပညာထွန်းကားသည့် နယ်ပယ်ဒေသဖြစ်သည့်အပြင် ပညာရပ်ပိုင်းဆိုင်ရာနှင့် စပ်လျဉ်း၍ ပညာကိုအထူးလိုလားသည့် ဒေသဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် စစ်ကိုင်းဒေသနေ ပြည်သူများ၏ အခက်အခဲ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရနည်းပညာကောလိပ်(စစ်ကိုင်း) အစည်းအဝေးခန်းမ၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

များကို စာနာနားလည်သည့်အတွက် ယနေ့လာရောက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဘက်စုံကဏ္ဍစုံမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်ရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်နေပါကြောင်း၊ ယနေ့ ပြည်ပတွင် တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေကြရသူများသည် အမှန်စင်စစ် ကိုယ့်ပြည်တွင်း၌ပင် အလုပ်လုပ်လိုကြပါလျက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလှသည့်အတွက် ပြည်ပနိုင်ငံများသို့ သွားရောက်ပြီး အောက်ကျနောက်ကျဘဝဖြင့် ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရှာဖွေနေကြရခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာအောင် စက်ရုံ၊ အလုပ်ရုံများ ထူထောင်ဖွင့်လှစ်ပေးကြရမည်ဖြစ်ပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ အများအပြားဝင်ရောက်လာရန် တာစူနေပြီဖြစ်သည့်အတွက် မကြာမီ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာမည်ဖြစ်ပါကြောင်း၊ ထိုသို့သော အလုပ်အကိုင်အခွင့်အလမ်းများနှင့်အတူ သမဝါယမကောလိပ်၊ သမဝါယမတက္ကသိုလ်များမှ ဘွဲ့ဒီဂရီ/ဒီပလိုမာ ရရှိပြီးသူများအတွက် လုပ်ငန်းခွင်အခွင့်အလမ်းများ အသင့်ရှိနေမည်ဖြစ်ပါကြောင်း၊ မလွဲမသွေ ပေါ်ပေါက်လာမည့် အခွင့်အလမ်းများအတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် ဘွဲ့ဒီဂရီရရုံသက်သက်မဟုတ်ဘဲ ပညာကို တကယ်ကျွမ်းကျင်ပိုင်နိုင်တတ်မြောက်အောင် ကြိုးပမ်းသင်ယူ ဆည်းပူးကြရန်အရေးကြီးကြောင်း၊ သမဝါယမဆိုင်ရာ ဘွဲ့ဒီဂရီများသည် စီးပွားရေးလုပ်ငန်းများနှင့် အထူးအံဝင်အသုံးတည့်သည့်အတွက် ယခုကတည်းက ကျွမ်းကျင်ပိုင်နိုင်တတ်မြောက်အောင် ကြိုးပမ်းကြစေလိုကြောင်း။

ထို့ပြင် ယနေ့ခေတ်တွင် ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာတတ်ရုံနှင့် မလုံလောက်သေးဘဲ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ကိုယ့်အားကိုယ်ကိုးစိတ်၊ ကိုယ့်ပြည်တွင်းအားကို ကိုယ်ကိုးစားယုံကြည်သည့် စိတ်ဓာတ်များရှိရန်လည်း အရေးကြီးကြောင်း၊ ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့၊ ကိုယ့်ပြည်သူများ အနာဂတ်လူမှုစီးပွားဘဝ မြင့်မားတိုးတက်ဖို့အတွက် တိုင်းတစ်ပါးကို အားကိုးလိုသည့် စိတ်ဓာတ်များကို ပယ်ဖျောက်၍ ကိုယ့်ပြည်တွင်းအားကို ကိုယ်ကိုးစားယုံကြည်လျက် တိုင်းပြည်ကို ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နိုင်ငံတော်အနေဖြင့် သမဝါယမကောလိပ်(စစ်ကိုင်း)နှင့် သမဝါယမဒီဂရီကောလိပ်(သန်လျင်)တို့ကို ယခုအခါ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးလိုက်ပြီဖြစ်သည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ထိုမှတစ်ဆင့် စစ်ကိုင်းမြို့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(စစ်ကိုင်း)ရုံး၌ ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံတော်သမ္မတက ကျောက်စိမ်းနှင့် ကျောက်မျက်အချောထည်များ ဈေးကွက် ပိုမိုရရှိရေးအတွက် ပြည်ပနိုင်ငံများက နှစ်သက်လက်ခံသည့် အချောထည်ပစ္စည်းမျိုးကို အဆင့်မြင့်ထုတ်လုပ်ရောင်းချသွားရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သမဝါယမကောလိပ်(စစ်ကိုင်း)၌ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒို့ညီနောင်(လွိုင်ကော်-နေပြည်တော်)ယာဉ်လိုင်းသစ်ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒို့ညီနောင် မော်တော်ယာဉ်လိုင်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံ အဝေးပြေးယာဉ်ရပ်နားစခန်း၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လိုင်းပေါင်းစုံထိန်းသိမ်းကြီးကြပ်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းအောင်က ဒို့ညီနောင်မော်တော်ယာဉ်လိုင်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးချစ်လှနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်နိုင်ဦးတို့က ယာဉ်လိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ယာဉ်လိုင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါလိုင်းသစ်ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ပြီး ဒို့ညီနောင် (လွိုင်ကော် - နေပြည်တော်) မော်တော်ယာဉ်လိုင်းတွင် ခရီးသည်သီးသန့် မော်တော်ယာဉ်ငါးစီးဖြင့် နေ့စဉ် လွိုင်ကော်မှ နံနက် ၆ နာရီတွင် လည်းကောင်း၊ နေပြည်တော်မှ နံနက် ၆ နာရီတွင် လည်းကောင်း ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ်၌ ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စာပေဆုချီးမြှင့်ပွဲနှင့် ပညာပေးဟောပြောပွဲ အခမ်းအနားကိုကျင်းပရာ လွိုင်ကော်မြို့နယ် အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး အထက်တန်းနှင့် အလယ်တန်းအဆင့်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပညာပေးဟောပြောပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦး၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ မောင်ချစ်ကြည်(ကန္တာရဝတီ)၊ ကာတွန်းမျိုးကြီးနှင့် စိုးညွန့်ဝေ(လွိုင်ကော်)တို့က စာဖတ်ခြင်း၏အကျိုးကျေးဇူးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြသည်။

ထို့အတူ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲ၊ မြန်မာစာစီစာကုံးပြိုင်ပွဲနှင့် English Debate ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)၌ ကျင်းပရာ ခေတ္တကျောင်းအုပ်ကြီး ဒေါ်ငြိမ့်ငြိမ့်မြတ်က အဖွင့်အမှာစကားပြောကြားပြီး စိုးညွန့်ဝေ(လွိုင်ကော်)နှင့် ကာတွန်းမျိုးကြီးတို့က ပြည်ထောင်စုနေ့အကြောင်းသိကောင်းစရာနှင့် စာပေဖတ်ရှုခြင်းအကျိုးကျေးဇူးတို့ကို ပညာပေးဟောပြောကြသည်။

ထို့နောက် မြန်မာစာစီစာကုံးပြိုင်ပွဲနှင့် English Debate ပြိုင်ပွဲတို့ကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ စာပေဟောပြောပွဲကျင်းပ

ဖြူး ဖေဖော်ဝါရီ ၁၁

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၌ လောကပြတင်းစာကြည့်တိုက်နှင့် မြို့မိ မြို့ဖများ၊ စာချစ်သူများက ကြီးမှူးပြီး TZTM ကုမ္ပဏီ၏ ပံ့ပိုးကူညီမှုတို့ဖြင့် နဝမအကြိမ်မြောက် စာပေဟောပြောပွဲကို ကညွတ်ကွင်းမြို့ အောင်တော်မူမြက်ခင်းပြင်၌ ဇန်နဝါရီ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ကျင်းပသည်။

စာပေဟောပြောပွဲတွင် ရန်ကုန်မြို့မှ စာရေးဆရာများဖြစ်ကြသည့် မောင်သာချို၊ အော်ပီကျယ်၊ ဆရာ ရဲသျှမ်းတို့နှင့် မန္တလေးမှ စာရေးဆရာများဖြစ်ကြသော ဆရာကျော်ရင်မြင့်၊ ဆရာ ညီပုလေးနှင့် ဆရာ ဦးဘုန်း(ဓာတု)တို့က စာပေရေးရာများ ဟောပြောကြပြီး မြို့မိ မြို့ဖများနှင့် စာချစ်သူများ တက်ရောက်ကြကြောင်း သိရသည်။ (၁၄၀)

မီးလောင်လျှင်

(က) ထွက်ပေါက်မပြေပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

လယ်ဝေးမြို့လမ်းဖွင့်ပွဲနှင့် သီရိမင်္ဂလာခန်းမဖွင့်ပွဲများ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် လယ်ဝေးမြို့ နဝရတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ လမ်းဖွင့်ပွဲ မုခ်ဦးနေရာ၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် နေပြည်တော်ကောင်စီဝင်များ၊ လယ်ဝေးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းငွေ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်၊ လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်နှင့် မြို့မိမြို့ဖ ဦးကျော်ညွန့်တို့က နဝရတ်လမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် နဝရတ်လမ်း ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် လယ်ဝေးမြို့ အမှတ်(၁)ရပ်ကွက်ရှိ နဝရတ်လမ်းသည် လမ်းအကျယ် ၁၂ ပေနှင့် အရှည်ပေ ၁၈၀၀ ရှိပြီး ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သော လမ်းဖြစ်သည်။ အဆိုပါ ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် လယ်ဝေးမြို့ ပတ်ဝန်းကျင်ရှိ ရုံးတော၊ ဆယ်စု၊ ကျောင်းစု၊ သက်ကယ်ချင်းကျေးရွာများ အပါအဝင် ကျေးရွာပေါင်း ၁၃ ရွာနေ ပြည်သူများ လယ်ဝေးမြို့သို့ ရာသီမရွေး လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဧည့်သည်တော်များသည် အရှည်ပေ ၅၂၅၀ ရှိ လယ်ဝေးမြို့ ဖောင်တော်ချက်မ ဘုရားလမ်းနှင့် ပေတောကုန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို တက်ရောက်အားပေးပြီး လမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် လယ်ဝေးမြို့ သီရိမင်္ဂလာမြို့နယ်ခန်းမ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်၍ သီရိမင်္ဂလာမြို့နယ်ခန်းမ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် လယ်ဝေးမြို့ သီရိမင်္ဂလာမြို့နယ်ခန်းမ၌ ကျင်းပသော နဝရတ်လမ်း၊ ဖောင်တော်ချက်မဘုရားလမ်းနှင့် ပေတောကုန်းလမ်း ကတ္တရာလမ်းသစ်များ၊ သီရိမင်္ဂလာ မြို့နယ်ခန်းမတို့နှင့် သက်ဆိုင်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်က နဝရတ်လမ်း၊ ဖောင်တော်ချက်မလမ်းနှင့် ပေတောကုန်းလမ်း ကတ္တရာလမ်းသစ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လယ်ဝေးမြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ သာသနာရေးဆိုင်ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်ပေးခဲ့မှုများနှင့် စပ်လျဉ်း၍ မှာကြားသည်။

လယ်ဝေးမြို့ သီရိမင်္ဂလာ မြို့နယ်ခန်းမသည် လယ်ဝေးမြို့သူ မြို့သားများ နေပြည်တော်အင်္ဂါရပ်နှင့်အညီ မင်္ဂလာအခမ်းအနားများ ကျင်းပနိုင်သည့် အလျား ၁၆၅ ပေနှင့် အနံ ၆၈ ပေရှိ လူ ၄၀၀ ဆံ့ ခန်းမကြီးအဖြစ် အဆင့်မြှင့်တင်ပြုပြင် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ခန်းမအတွင်း အလျား ၃၆ ပေနှင့် အနံပေ ၅၀ရှိ စင်မြင့်၊ တီးဝိုင်းများ ထားရှိရန် ဆိုင်းကျင်း၊ အထူးနားနေခန်း၊ သတို့သား၊ သတို့သမီး အလှပြင်ခန်း၊ အသံစနစ် ထိန်းချုပ်ခန်း၊ ကွန်ကရစ်ပတ်လမ်းနှင့် ယာဉ်ရပ်နားရန်နေရာ၊ အများသုံးသန့်စင်ခန်းများ အပါအဝင် အဆင့်မြှင့်တင် တည်ဆောက်ပေးထားသဖြင့် လယ်ဝေးမြို့နေပြည်သူများအတွက် မြို့ကျက်သရေဆောင် ခန်းမကြီးအဖြစ် အသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြီးမှူး၍ ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အဆင့်မြင့်မင်္ဂလာဈေး၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်ရေးသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ အစိုးရသစ်တာဝန်ယူစဉ်(၁၁)လတာ ကာလအတွင်း ပြည်ပနိုင်ငံများနှင့် ကူးသန်းရောင်းဝယ်မှုတိုးတက်အောင် အဓိကထားဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများကိုလည်း တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ မင်္ဂလာဈေးသူ ဈေးသားများအနေဖြင့် လက်ကားရောင်းဝယ်ဖောက်ကားသူများဖြစ်သကဲ့သို့ ကိုယ်တိုင်လည်း စားသုံးသူများဖြစ်နေ၍ စားသုံးသူ အကာအကွယ်ပေးမှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ နိုင်ငံအနေဖြင့် ကုန်သွယ်မှုစာရင်းများကို ထုတ်ပြန်သည့်နေရာတွင် တရားဝင်ရောင်းဝယ်သည့် ကိန်းဂဏန်းများကို မူတည်၍ ထုတ်ပြန်ရခြင်းဖြစ်ကြောင်း၊ ကိန်းဂဏန်းများ မှန်မှန်ကန်ကန် မရရှိပါက ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ရေးဆွဲဆောင်ရွက်ရန် အခက်အခဲရှိပါကြောင်း၊ ပုံမှန်မဟုတ်သော ရောင်းဝယ်မှုကို အခွင့်ကောင်းယူပြီး ပြည်ပနိုင်ငံများမှ စားသုံးရန်မသင့်သော ကုန်စည်များတင်သွင်းရောင်းချလာသည်ကို တွေ့ရှိလာသည့်အတွက် စားသုံးသူများ အန္တရာယ်ရှိသကဲ့သို့ ပုံမှန်ရောင်းဝယ်သူများ၏ ဈေးကွက်ပျက်နိုင်သည့် အနေအထားရှိလာပါကြောင်း၊ ရောင်းဝယ်ဖောက်ကားသူအားလုံးက သဘောပေါက်ပြီး ပုံမှန်ရောင်းဝယ်မှုလမ်းကြောင်းမှ လျှောက်လှမ်းရန် လိုအပ်ပါကြောင်း၊ စတင်လျှောက်လှမ်းရာတွင် အခက်အခဲများရှိနိုင်သည့်အတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြနိုင်ရန် ယခုကဲ့သို့ ဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာမောင်အောင်နှင့် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်တို့က အမှာစကားပြောကြားကြပြီး အဆင့်မြင့်မင်္ဂလာဈေးမှ ကုန်ပစ္စည်းအမယ်လိုက် ရောင်းချသူအစုအဖွဲ့ ကိုယ်စားလှယ်များက အခက်အခဲများ၊ အကြံပြုချက်များကို ဆွေးနွေးကြရာ ဒုတိယဝန်ကြီးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်း ပြောကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့သည် နိုင်ငံတကာဧည့်သည်များ ဝင်၊ ထွက် သွားလာမှုများသောမြို့ကြီးဖြစ် နိုင်ငံတကာမြို့တော်ကြီးများနှင့်တန်းတူ တင့်တယ်စွာရှိစေရေး ကူညီဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ 4D, Colour Doppler Ultrasound Scanner လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါ ဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသမီးဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ညိုညိုလတ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အလှူရှင် ဦးအောင်မြတ်က 4D, Colour Doppler Ultrasound Scanner အတွက် အလှူငွေကျပ်သိန်း ၂၀၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်သည်။

ထို့နောက် 4D, Colour Doppler Ultrasound Scanner ရှိခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို တွဲဖက်ပါမောက္ခ ဓာတ်မှန်ဆရာဝန်ကြီး ဒေါက်တာဒေါ်လှလှမြိုင်က ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဓာတ်မှန်ဌာန၌ လှူဒါန်းသော 4D, Colour Doppler Ultrasound Scanner ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသော ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညနေ ၃ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးဦးစီးကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားရာ၌ ရန်ကုန်မြို့သည် နိုင်ငံတကာဧည့်သည်များ ဝင်၊ ထွက် ဖြတ်သန်းသွားလာမှုများသော မြို့ကြီးဖြစ်၍ မြို့တော်၏ သန့်ရှင်းသာယာလှပမှု၊ စိမ်းလန်းစိုပြည်မှုများသည် မိမိနိုင်ငံ၏ ပြယုဂ်တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့အစိုးရသစ်၏ (၁၁)လတာကာလအတွင်း ထင်သာမြင်သာရှိသော တိုးတက်မှုများ တွေ့မြင်ရသော်လည်း နိုင်ငံတကာအဆင့်မီမြို့တော်ဖြစ်စေရန် ဆောင်ရွက်ရမည့်လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း၊ မြို့တော်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်ရမည့်အပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရေးအတွက် ပညာပေးခြင်းလုပ်ငန်းနှင့် အရေးယူခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ မြို့တော်နေပြည်သူများ၏ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်သွားလာမှု၊ သတ်မှတ်စည်းကမ်းများ လိုက်နာစေမှုစသည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်စေရန် စည်းရုံးပညာပေးကြရန်၊ ရန်ကုန်မြို့တော်အား နိုင်ငံတကာမြို့တော်ကြီးများနှင့် တန်းတူ တင့်တယ်စွာရှိစေရေးအတွက် အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထုများလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရန်စသည်ဖြင့် ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် နေပြည်တော်သို့ ရောက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေကို တိကျစွာလိုက်နာရန်လိုအပ် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် တရားမဝင်ဆင်ဆာမဲ့ (DVD/VCD)အခွေများဖမ်းဆီး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နေပြည်တော်နှင့် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးတို့တွင် တရားမဝင်ဆင်ဆာမဲ့ (ညစ်ညမ်းခွေ၊ နိုင်ငံခြားဇာတ်လမ်းခွေ၊ မြန်မာဇာတ်လမ်းခွေနှင့် သီချင်းခွေ) (DVD/VCD)အခွေများအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်း၊ ဖြန့်ချိခြင်းတို့အား ပြစ်မှုဆိုင်ရာဥပဒေနှင့်အညီ ထိရောက်စွာဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလအတွင်း တရားမဝင်ဆင်ဆာမဲ့အခွေဖမ်းဆီးရမိမှု ၁၂၉ မှုမှ တရားခံ ၁၂၅ ဦးနှင့်အတူ ငွေကျပ် ၂၃၇၁၇၄၀၀ တန်ဖိုးရှိ ညစ်ညမ်းခွေ ၇၃၅ ခွေ၊ နိုင်ငံခြားခွေ ၄၅၁၃၆ ခွေ၊ မြန်မာခွေ ၂၀၂၅၅ ခွေနှင့် သီချင်းခွေ ၁၃၈၂၃ ခွေ စုစုပေါင်း ၇၉၉၄၉ ခွေ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ၂၀၁၁ ခုနှစ် ဧပြီမှ ဒီဇင်ဘာ ၃၁ ရက်ထိ တရားမဝင်ဆင်ဆာမဲ့အခွေဖမ်းဆီးရမိမှု ၆၁၄ မှုမှ တရားခံ ၅၅၇ ဦးနှင့်အတူ ငွေကျပ် ၁၀၁၇၀၈၂၀၀ တန်ဖိုးရှိ ညစ်ညမ်းခွေ ၁၇၂၈၆ ခွေ၊ နိုင်ငံခြားခွေ ၂၃၀၉၇၂ ခွေ၊ မြန်မာခွေ ၄၆၂၂၁ ခွေနှင့် သီချင်းခွေ ၄၃၅၀၉ ခွေ စုစုပေါင်း ၃၃၇၉၈၈ ခွေ ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများအရ ခွင့်ပြုချက်မရရှိဘဲ ထုတ်လွှင့်ခြင်း၊ ဗီဒီယိုလုပ်ငန်းလိုင်စင်မရှိဘဲ စီးပွားရေး အလို့ငှာလုပ်ကိုင်ခြင်း၊ ဗီဒီယိုဆင်ဆာအဖွဲ့မှ ညွှန်ကြားချက်ကို လိုက်နာခြင်းမပြုဘဲ ဗီဒီယိုတိပ်ခွေကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်းတို့အတွက် ပြစ်မှုဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးအန္တရာယ်...

မှူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ သီပေါ၌ကျင်းပ

သီပေါ ဖေဖော်ဝါရီ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် မှုခင်းကျဆင်းရေးစီမံချက်အရ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အဆိုပါဟောပြောပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက အထက(၁)မြည်လာခန်းမ၌ ကျင်းပရာ ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်ဦးက ခရိုင်အတွင်း မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲများကျင်းပရခြင်း၏ ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ညွန့်လှိုင်က လောင်းကစားမှုနှင့်ပတ်သက်သည့် ဥပဒေများကို ရှင်းလင်းပြောကြားပြီး လားရှိုးမူးယစ်(အထူးအဖွဲ့) ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူးရဲနိုင်က မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ လားရှိုးလူကုန်ကူးမှုတားဆီးရေး (အထူးအဖွဲ့) တာဝန်ခံ ရဲအုပ်မင်းခိုင်က လူကုန်ကူးမှုဥပဒေနှင့်ဆက်စပ်ဥပဒေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

(၂၄၇)

ဧရာဝတီမြစ်အရှေ့ဘက်နှင့် အနောက်ဘက်ခြမ်း လွယ်ကူစွာသွားလာနိုင်သည့် ဧရာဝတီမြစ်ကူးတံတား(မကွေး)

ဧရာဝတီမြစ်ကူးတံတား(မကွေး) အချက်အလက်များ

* ဧရာဝတီတံတား(မကွေး)သည် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး ဧရာဝတီမြစ်အရှေ့ဘက်ကမ်း မကွေးမြို့နှင့် အနောက်ဘက်ကမ်း မင်းဘူးမြို့တို့ကို ဆက်သွယ်ပေးထားသည့် တံတားကြီးဖြစ်သည်။
* ဧရာဝတီတံတား(မကွေး) တည်ဆောက်ရေးစီမံကိန်းကို ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ရက်တွင် စတင်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ပေးခဲ့သည်။
* ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။
* ဧရာဝတီတံတား(မကွေး)တည်ဆောက်ပြီးစီးမှုကြောင့် ဧရာဝတီမြစ်အရှေ့ဘက်နှင့် အနောက်ဘက်ကမ်းဒေသများသို့ အလွယ်တကူ ဆက်သွယ်နိုင်ပြီဖြစ်သည်။
* ချဉ်းကပ်လမ်းများအပါအဝင် စုစုပေါင်း တံတားအရှည် ၈၉၈၉ ပေ ရှိသည်။
* ပင်မတံတားအရှည်မှာ ၆၉၆၉ ပေ ရှိသည်။
* ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိ၍ ဘေးတစ်ဖက်တစ်ချက်၌ ခြောက်ပေအကျယ်ရှိ လူသွားလမ်းများပါရှိသည်။
* ကြိုတင်အားဖြည့် ကွန်ကရစ်အောက်ခံတိုင်များဖြင့် တည်ဆောက်ထားပြီး သံမဏိသံပေါင်တံတားအမျိုးအစား ဖြစ်သည်။
* ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ရှိသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စု၏ အလှတရား

ကိုမြင့်မာ

ပြည်ထောင်စုသည် ရှားပါး၍ တန်ဖိုးရှိသော အရာဖြစ်၏။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၉၀ ကျော်ရှိသည်။ ထိုနိုင်ငံများ၌ တိုင်းရင်းသားလူမျိုးများ ကွဲပြားမှု မရှိသော နိုင်ငံဟူ၍ မရှိ။ သို့သော် ကမ္ဘာပေါ်၌ ယင်းတိုင်းရင်းသားလူမျိုးများ စုပေါင်း၍ ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံမှာမူ ၂၀ ကျော်မျှသာရှိသည်။ ထို့ကြောင့် ပြည်ထောင်စုနိုင်ငံဟူသည် ကမ္ဘာပေါ်၌ ဆယ်ချိုးတစ်ချိုးကျော်ကျော် မျှသာရှိသည့်အတွက် ရှားပါးသောအရာ ဖြစ်သည်။

ပြည်ထောင်စုနိုင်ငံသည် အဘယ်ကြောင့်တန်ဖိုးရှိပါသနည်း။ စင်စစ်၌ ရှားပါးသောအရာတိုင်း တန်ဖိုးရှိသည်မဟုတ်။ ကောင်းကင်အာကာသမှ ကျဆင်းလာသော ဥက္ကာခဲတို့သည် ရှားပါးသည်မှန်သော်လည်း မြေအောက်၌ နက်ရှိုင်းစွာ မြုပ်နေသည့် စိန်ကျောက်ပတ္တမြားတို့ကဲ့သို့ တန်ဖိုးမြင့်မြင့်မားမား မရှိကြပေ။

ပြည်ထောင်စုနိုင်ငံမှာမူ အရေအတွက်အားဖြင့် ရှားပါးသကဲ့သို့ ထူထောင် တည်ဆောက်ရာတွင်လည်း တိုင်းရင်းသားပြည်ထောင်စုသားအချင်းချင်း ယုံကြည် ချစ်ခင်မှု၊ အပြန်အလှန်နားလည်လိုက်လျော သဘောထားကြီးမှုများဖြင့်သာ တည်ဆောက်နိုင်သောကြောင့် တန်ဖိုးမြင့်မားရခြင်းဖြစ်သည်။

ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံ၏ တည်ဆောက်ပုံကို လေ့လာမည်ဆိုပါက အဓိက အနှစ်သာရမှာ ပြည်ထောင်စုအဖွဲ့ဝင်(ပြည်နယ်/ဒေသကြီး) များဖြင့် စုဖွဲ့၍ နိုင်ငံကိုတည်ဆောက်ထားခြင်းဖြစ်ပြီး ယင်းပြည်ထောင်စုအဖွဲ့ဝင်များ၌ ကိုယ်ပိုင်ပြဋ္ဌာန်း အုပ်ချုပ်ခွင့်အာဏာများ ညီတူညီမျှရှိကြခြင်းပင်ဖြစ်သည်။ ပြည်ထောင်စုအဆင့်တွင် ညီမျှမှုကို ပိုမိုပေါ်လွင်စေရန် ပြည်နယ်/ဒေသကြီးသေးမဟူ တူညီစွာ ကိုယ်စားပြုခွင့်ရသည့် အထက်လွှတ်တော်တစ်ရပ်ကို တီထွင်ဖော်ဆောင်ထားပြီး လူဦးရေအညီအမျှ ခွဲဝေကိုယ်စားပြုမှုကို အခြေခံသည့် အောက်လွှတ်တော်နှင့် ယှဉ်တွဲထားရှိကာ လွှတ်တော်နှစ်ရပ်အုပ်ချုပ်မှု စနစ်ကို ထူထောင်ထားလေ့ရှိသည်။

လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ အုပ်ချုပ်ရေး စသည့် ကဏ္ဍအားလုံး၌ တိုင်းရင်းသားလူမျိုးစုများ တန်းတူညီမျှ အခွင့်အရေးရရှိနိုင်ရန်လည်း ပြည်ထောင်စု အခြေခံဥပဒေတို့၌ ပြဋ္ဌာန်းထားလေ့ရှိသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိခဲ့သည့် အချိန်မှစ၍ ပြည်ထောင်စုနိုင်ငံအဖြစ် တည်ရှိခဲ့သည်။ ယခုအခါ မြန်မာနိုင်ငံ၌ ပြဋ္ဌာန်း ကျင့်သုံးခဲ့သည့် အခြေခံဥပဒေသုံးရပ်ရှိခဲ့သည်။ အဆိုပါအခြေခံဥပဒေသုံးရပ်ကို နှိုင်းယှဉ်လေ့လာပါက လူနည်းစုတိုင်းရင်းသားလူမျိုးစုများကို ကိုယ်စားပြုသည့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အရေအတွက်သည် အခြေခံဥပဒေတစ်ရပ်ထက် နောက်တစ်ရပ်တွင် ပိုမိုတိုးပွားများပြားလာကြောင်း တွေ့ရပေလိမ့်မည်။ ဆိုလိုသည်မှာ လူနည်းစုများအတွက် ကိုယ်စားပြုခွင့်များပိုမိုတိုးမြင့်လာခြင်းပင်ဖြစ်သည်။

နိုင်ငံတော်၏စေတနာမှာ တစ်ခဏငြိမ်းချမ်းရေးထက် ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်မှုအတွက် ဖွံ့ဖြိုးမှုနည်းလမ်း၊ နိုင်ငံရေးဖြေရှင်းမှုနည်းလမ်းကို ပေါင်းစပ်ကာ ဖော်ဆောင်သွားရန်ဖြစ်သည်။ ဤနေရာ၌ တပ်မတော်အစိုးရလက်ထက်မှစတင်၍ နိုင်ငံတော်တစ်ဝန်း၌ အထူး ဖွံ့ဖြိုးရေးဒေသကြီးများသတ်မှတ်ကာ ငွေကြေးပမာဏများစွာ ရင်းနှီးမြှုပ်နှံလျက် လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ၊ ဆေးရုံ၊ စာသင်ကျောင်း စသည့် ရုပ်ဝတ္ထု အဆောက်အအုံများ၊ ပြည်သူ့ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများဖြင့် တိုင်းရင်းသားညီနောင်များ၏ ဒေသများဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ဆောင်ခဲ့သည့်အတွက် လူမှုစီးပွားရေးဖွံ့ဖြိုးမှုနှင့် အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရေးတွင် အခြေခံကောင်းများရရှိခဲ့သည်ကို ကျေးဇူးတင်စွာဖြင့် အသိအမှတ်ပြုရပေလိမ့်မည်။

ဥပမာအားဖြင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအစပိုင်းတွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်သုံးခုသာရှိသည်။ ယင်းတို့မှာ ရှမ်းပြည်နယ်၊ ကရင်နီ(ခေါ်) ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့သာဖြစ်သည်။ ချင်းတိုင်းရင်းသားတို့က သီးခြားပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အဖြစ် မတောင်းဆိုဘဲ ချင်းဝိသေသတိုင်းအဖြစ်သာ ပြည်ထောင်စုအတွင်း၌ ပါဝင်ခဲ့သည်။

အဆိုပါပြည်နယ်သုံးခုအနက်၌ ရှမ်းပြည်နယ်မှာ လူဦးရေအရ လည်းကောင်း၊ နယ်မြေအကျယ်အဝန်းအရလည်းကောင်း ကြီးမားများပြားပြီး ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းအရပါ သီးခြားပြည်နယ်အဖြစ် ထိုက်တန်စွာရှိကြောင်း ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြသည်။ ကရင်နီ(ခေါ်) ကယားပြည်နယ်မှာ လူဦးရေနည်းပါး၍ နယ်မြေကျဉ်းမြောင်းသော်လည်း သမိုင်းကြောင်းအရ ပြည်နယ်အဖြစ် ပါဝင်ခွင့်ရရှိခဲ့သည်။ ထို့အပြင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၌ အစဉ်အလာပဒေသရာဇ်စနစ်ဖြင့် ဆက်ခံအုပ်စိုးခဲ့ကြသော စော်ဘွား၊ စောဖျာတို့မှာလည်း ဒီမိုကရေစီနည်းမကျလှသည့်တိုင်အောင် လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ခွင့်ရခဲ့ကြသည်။

ကချင်ပြည်နယ်မှာမူ ပြည်မမှ ခေါင်းဆောင်များ၏ သဘောထားကြီးမား

စွာ ပူးပေါင်းလိုက်လျှော့မှုဖြင့် ပေါ်ပေါက်လာသောပြည်နယ်ဖြစ်သည်။ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်နှစ်ခုကို ပေါင်းစည်း၍ ကချင်ပြည်နယ်ဖွဲ့စည်းရာတွင် ဗြိတိသျှကိုလိုနီလက်ထက်က ၎င်းခရိုင်များမှ အပိုင်း(၁)ဇယားဝင် ကချင်တောင်တန်းဒေသများသည် ဘုရင်ခံက တိုက်ရိုက်ကိုင်တွယ်ပြီး ဒေသခံတိုင်းရင်းသား အကြီးအကဲများက အုပ်ချုပ်သော နယ်ခြားဒေသအုပ်ချုပ်ရေးလက်အောက်၌ သာရှိပြီး ဗမာနှင့်ရှမ်းအများစုနေထိုင်သော မြေပြန့်မြစ်ဝှမ်းဒေသများမှာမူ အပိုင်း(၂) ဇယားဝင် ဒေသစာရင်း၌ ပါဝင်ကာ ဘုရင်ခံက အုပ်ချုပ်သည့်တိုင် စိတ်ထင်တိုင်း အုပ်ချုပ်၍မရသောဒေသ၊ ဝန်ကြီးများက အကြံပေးခွင့်ရသော ဒေသဖြစ်သည်။ အကယ်၍ ကချင်တိုင်းရင်းသားများအတွက် သက်သက်သာ ကချင်ပြည်နယ်ထူထောင်မည်ဆိုပါက ကချင်တောင်တန်းဒေသကိုသာ ကွက်၍ထူထောင်ရမည်ဖြစ်၍ မည်သို့မျှ လက်တွေ့မကျ၊ ပြည်နယ်မြို့တော် ထူထောင်ရန်ပင် မြို့ဟူ၍ မရှိသည့်အတွက် ပြည်မခေါင်းဆောင်များက အပိုင်း(၂)ဇယားဝင် မြေပြန့်ဒေသများကိုပါ ပေါင်းထည့်ပေးကာ ကချင်ပြည်နယ်အဖြစ် ဖန်တီးပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကချင်ပြည်နယ်သည် စတင်ပေါ်ပေါက်လာစဉ်ကပင် ကချင်၊ ဗမာ၊ရှမ်းစသည့် တိုင်းရင်းသားများ ပေါင်းစည်းထူထောင်ခဲ့ခြင်းဖြစ်သည်ကို နှောင်းလူများသိစေလိုပါ၏။

၁၉၄၇ ခုနှစ်၌ ပြည်ထောင်စုအဖွဲ့ဝင် တိုင်းရင်းသားပြည်နယ်နှင့် ဝိသေသတိုင်း စုစုပေါင်းလေးခုသာရှိခဲ့ပြီး ကရင်တိုင်းရင်းသားတို့အတွက် ပြည်နယ်သီးခြားပေးရန် အခက်အခဲရှိခဲ့သဖြင့် ကရင်တိုင်းရင်းသားများကို ကိုယ်စားပြုသည့် ကရင်ရေးရာ ကောင်စီတစ်ရပ်ကိုသာ ဖွဲ့စည်းပေးနိုင်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ယင်းအခြေခံဥပဒေကို ပြင်ဆင်၍ ကရင်ပြည်နယ်ကို ထူထောင်နိုင်ခဲ့သည်။

ဖဆပလ အကွဲအပြဲဖြစ်ခဲ့သည့် ၁၉၅၀ ပြည့်လွန်နှောင်းပိုင်းနှစ်များမှစ၍ ရခိုင်နှင့် မွန်တိုင်းရင်းသားတို့၏ ပြည်နယ်တောင်းဆိုမှုများလည်း ပေါ်ပေါက်လာခဲ့သည်။

ဤသို့ဖြင့် ၁၉၇၄ ခုနှစ်တွင် ပေါ်ပေါက်လာခဲ့သော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ တိုင်း (၇)တိုင်းနှင့် ပြည်နယ်(၇) ပြည်နယ်အဖြစ် တိုးချဲ့ဖွဲ့စည်းလာခဲ့သည်ကို တွေ့ရသည်။ ထိုစဉ်က နိုင်ငံရေးစနစ်ပုံစံအရ ပြည်ထောင်စုဟုဆိုသော်ငြား လွှတ်တော်တစ်ရပ်တည်းရှိသည့် တစ်ပြည်ထောင်ပုံစံမျိုးဖြစ်ခဲ့သည့်တိုင်အောင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်(၇)ခု (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း)အဖြစ် တိုးပွားလာခဲ့သည်မှာမူ မှတ်သားဖွယ်ကောင်းသောအချက်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ၁၉၇၄ ခုနှစ် အခြေခံဥပဒေအတွက် မူကြမ်းများရေးဆွဲ၍ ပြည်သူထံချပြပြီး အကြံပြုချက်နှင့် ဆန္ဒများကောက်ယူသောအခါ တစ်ပြည်ထောင်စနစ်ကို ဆန္ဒပြုသူက အများဆုံးဖြစ်ခဲ့ပြီး ယင်းအကြံပြုချက်များမှ ထွက်ပေါ်လာသော နိုင်ငံတော်ဖွဲ့စည်းမှု ပုံစံ(၆)မျိုးကို အခြေခံဥပဒေရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်များအတွင်း ဆွေးနွေးသောအခါ၌မူ တိုင်း(၉)တိုင်း၊ ပြည်နယ် (၄)ပြည်နယ် ဟူသောပုံစံကို ထောက်ခံသူအများဆုံးဖြစ်ခဲ့သည်။ ထို့ကြောင့် နောက်ဆုံးအပြီးသတ် ထွက်ပေါ်လာချိန်၌ ပြည်နယ်(၇)ခုထူထောင်ရန် သဘောတူခဲ့ကြခြင်းမှာ တိုင်းရင်းသားများကို သီးခြားပြည်ထောင်စုအဖွဲ့ဝင်အဖြစ် သတ်မှတ်ပေးရန် အများစု၏ စိတ်စေတနာသဘောထားကို ဖော်ပြနေသည်။

၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာမူ ပြီးခဲ့သည့် အခြေခံဥပဒေများထက်စာလျှင် ပြည်ထောင်စုပုံစံနှင့် ပို၍ အကိုက်ညီဆုံးဟု ဆိုရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စု ဖွဲ့စည်းပုံ၌ တိုင်းဒေသကြီး(၇)တိုင်း၊ ပြည်နယ် (၇)ပြည်နယ်အပြင် လူဦးရေအသင့် အတင့်ကြီးမားပြီး နယ်မြေအသင့်အတင့်ရှိသော တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု(၆)ခုကိုပါ ထည့်သွင်းသတ်မှတ်ထားသောကြောင့် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ/တိုင်း စုစုပေါင်း ၁၃ ခုအထိ တိုးတက်လာခဲ့သည်ကိုတွေ့ရပေသည်။

ဤကဲ့သို့ ပြည်ထောင်စုအဖွဲ့ဝင် တိုင်းရင်းသားပြည်နယ်/စီရင်စုလေးခုမှ ၁၃ ခုအထိ အရေအတွက်အရ အဆင့်ဆင့်မြင့်မားတိုးပွားလာသကဲ့သို့ အုပ်ချုပ်ရေးနှင့် ဥပဒေပြုမှုတို့တွင်လည်း များစွာအဆင့်အတန်းတိုးတက်လာသည်။၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် ပြည်နယ်များ၌ ပြည်ထောင်စုလွှတ်တော် အမတ်များဖြင့် ဖွဲ့စည်းထားသော ပြည်နယ်ကောင်စီနှင့် ပြည်နယ်ဝန်ကြီး(ပြည်နယ်ဥက္ကဋ္ဌ)သာ ရှိသည်။ သီးခြားပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရမရှိ။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေ၌မူ သီးခြားပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရတို့ပါဝင်လာသည်။ ထို့အပြင် ၁၉၄၇ အခြေခံဥပဒေအရ ပဒေသရာဇ်စော်ဘွား၊ စောဖျာတို့သည် ပြည်နယ်ကောင်စီနှင့် ဥပဒေပြုလွှတ်တော်တို့တွင် ပါဝင်အုပ်စီးနိုင်ခဲ့ရာ ကိုလိုနီလက်ထက်ကထက်ပင် အာဏာပိုရှိနေခဲ့သေးသည်ဟု ဆိုနိုင်သည်။

၂၀၀၈ ခုနှစ် အခြေခံဥပဒေ၌ ကိုယ်ပိုင်နယ်မြေမရှိသော်လည်း လျော်ကန်သင့်မြတ်သည့် လူဦးရေရှိသည့် တိုင်းရင်းသားလူမျိုးများအတွက်လည်း စဉ်းစားပေးထားသည်။ သက်ဆိုင်ရာတိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဥပဒေပြုရေးတွင် ထိုတိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများတွင်လည်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

ဤသို့ ဥပဒေပြုရေးနှင့် အုပ်ချုပ်စီမံခန့်ခွဲရေးတို့တွင် တိုင်းရင်းသားလူမျိုးများ၏ တန်းတူညီမျှစွာပါဝင်နိုင်ရေးကို ပိုမိုထည့်သွင်းလာခဲ့သကဲ့သို့ တိုင်းရင်းသားလူမျိုးများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများတွင်လည်း အာမခံချက်များ ပေးထားခဲ့သည်။

ထို့ပြင် အခြေခံဥပဒေကို အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်မည့် စိတ်ဓာတ် Spirit of Constitution တွင်လည်း ပြည်ထောင်စုစိတ်ဓာတ်စစ်မှန်စွာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်နေသော လုပ်ရပ်များစွာကိုတွေ့မြင်ရပေသည်။

အထင်ရှားဆုံးကြိုးပမ်းမှုများကား ဥပဒေဘောင်အတွင်း ဝင်ရောက်ရန် ကျန်ရှိနေသော တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပင်ဖြစ်၏။ အစိုးရသစ် တာဝန်ယူပြီးနောက် တစ်နှစ်မပြည့်မီ ကာလအတွင်းမှာပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့နှင့်တွေ့ဆုံဆွေးနွေးကာ ငြိမ်းချမ်းရေးလမ်းဖောက်နိုင်ခဲ့သည်။ သာမန်အပစ်အခတ်ရပ်စဲမှု ရိုးရိုးမျှသာ မဟုတ်ဘဲ လေးနက်သောနိုင်ငံရေးဆွေးနွေးမှုများဖြင့် လက်နက်ကိုင်ပဋိပက္ခရောဂါဆိုးကြီးကို အဆုံးသတ်နိုင်ရန် ရည်ရွယ်ကြိုးပမ်းလျက်ရှိသည်။ ထူးခြားသည်မှာ ငြိမ်းချမ်းရေး ကြိုးပမ်းမှုများတွင် ပြည်သူများ၊ လူမှုအဖွဲ့အစည်းများကပါ တက်ကြွစွာ လိုက်လံပါဝင်ကူညီ ဆောင်ရွက်လာကြခြင်းဖြစ်၏။ ထို့ကြောင့်လည်း တွေ့ဆုံဆွေးနွေးမှုများမှာ ပြည်နယ်ဒေသန္တရအဆင့်မှသည် ပြည်ထောင်စုအဆင့်သို့သည် ဦးတည်ပေါက်မြောက်လာမှုများကို တွေ့မြင်လာရသည်။

တစ်ချိန်တည်းမှာပင် နိုင်ငံရေးအရ ငြိမ်းချမ်းရေးကြိုးပမ်းမှုနှင့်အတူ လူမှုစီးပွားရေးကဏ္ဍမှလည်း သက်ဆိုင်ရာနယ်မြေလူထုအတွက် စိတ်လက်ချမ်းသာစွာ အသက်မွေးဝမ်းကျောင်းနိုင်စေရန် အလုပ်အကိုင်အခွင့်အလမ်းဖော်ထုတ်ပေးမှုများ၊ အထူးစီးပွားရေးဇုန် ဖန်တီးပေးမှုများနှင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို စတင်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်၏ စေတနာမှာတစ်ခဏငြိမ်းချမ်းရေးထက် ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်မှုအတွက် ဖွံ့ဖြိုးမှုနည်းလမ်း၊ နိုင်ငံရေး ဖြေရှင်းမှုနည်းလမ်းကို ပေါင်းစပ်ကာ ဖော်ဆောင်သွားရန်ဖြစ်သည်။ ဤနေရာ၌ တပ်မတော်အစိုးရလက်ထက်မှစတင်၍ နိုင်ငံတော်တစ်ဝန်း၌ အထူးဖွံ့ဖြိုးရေး ဒေသကြီးများသတ်မှတ်ကာ ငွေကြေးပမာဏများစွာ ရင်းနှီးမြှုပ်နှံလျက် လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ၊ ဆေးရုံ၊ စာသင်ကျောင်း စသည့် ရုပ်ဝတ္ထု အဆောက်အအုံများ၊ ပြည်သူ့ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများဖြင့် တိုင်းရင်းသား ညီနောင်များ၏ ဒေသများဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ဆောင်ခဲ့သည့်အတွက် လူမှုစီးပွားရေးဖွံ့ဖြိုးမှုနှင့် အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရေးတွင် အခြေခံကောင်းများရရှိခဲ့သည်ကို ကျေးဇူးတင်စွာဖြင့် အသိအမှတ်ပြုရပေလိမ့်မည်။

ခြုံ၍ သုံးသပ်ရပါလျှင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များ စတင်မျိုးစေ့ချပေးခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်သည် ယခုအခါ အကိုင်း၊ အခက်၊ အရွက်၊ အပွင့်၊ အသီးများဖြင့် ခိုင်ဖြိုးဝေဆာစွာ

...အတွင်းမှု တိုင်း (၇)တိုင်းနှင့်
...ကို တွေ့ရသည်။ ထိုစဉ်က
...လွှတ်တော်တစ်ရပ်တည်းရှိ
... ပြည်ထောင်စုအဖွဲ့ဝင်
...၊ ရှမ်း)အဖြစ် တိုးပွားလာ
...၊ အဘယ်ကြောင့်ဆိုသော်
...ဆွဲ၍ ပြည်သူထံချပြပြီး
...ည်ထောင်စနစ်ကို ဆန္ဒပြု
...ပေါ်လာသော နိုင်ငံတော်
...မရှင် အဖွဲ့ဝင်များအတွင်း
...ပြည်နယ် ဟူသောပုံစံကို
...ဆုံးအပြီးသတ် ထွက်ပေါ်
...ကြခြင်းမှာ တိုင်းရင်းသား
...မှတ်ပေးရန် အများစု၏

...တာ်၏ ဖွဲ့စည်းပုံအခြေခံ
...ချုပ် ပြည်ထောင်စုပုံစံနှင့်
...င့်ဆိုသော် ပြည်ထောင်စု
...ယ်အပြင် လူဦးရေအသင့်
...တိုင်းရင်းသားများအတွက်
...တ်မှတ်ထားသောကြောင့်
...ရ ဒေသ/တိုင်း စုစုပေါင်း

...ပြည်နယ်/စီရင်စုလေးခုမှ
...ပွားလာသကဲ့သို့ အုပ်ချုပ်
...တိုးတက်လာသည်။၁၉၄၇
...လွှတ်တော် အမတ်များဖြင့်
...ကြီး(ပြည်နယ်ဥက္ကဋ္ဌ)သာ
...အစိုးရမရှိ။ ၂၀၀၈ ခုနှစ်
...ည်နယ်အစိုးရတို့ပါဝင်လာ
...ရာဇ်စော်ဘွား၊ စောဖျာ
...တွင် ပါဝင်အုပ်စီးနိုင်ခဲ့ရာ
...ည်ဟု ဆိုနိုင်သည်။
...ရှိသော်လည်း လျော်ကန်
...ျားအတွက်လည်း စဉ်းစား
...) ပြည်နယ်နှင့် ကိုယ်ပိုင်
...င်းသားကိုယ်စားလှယ်များ
...းတွင်လည်း တိုင်းရင်းသား
...ည်။
... တိုင်းရင်းသားလူမျိုးများ၏
...ကဲ့သို့ တိုင်းရင်းသားလူမျိုး
...ချက်များ ပေးထားခဲ့သည်။
...ရောက်ရောက် အကောင်
... တွင်လည်း ပြည်ထောင်စု
...တင်ရွက်ဆဲ၊ ဆောင်ရွက်နေ

...တွင်း ဝင်ရောက်ရန် ကျန်ရှိ
...င့် ငြိမ်းချမ်းရေးဆွေးနွေး
...နှစ်မပြည့်မီ ကာလအတွင်း
...ဆုံဆွေးနွေးကာ ငြိမ်းချမ်း
...မှု ရိုးရိုးမျှသာ မဟုတ်ဘဲ
...င်ပဋိပက္ခရောဂါဆိုးကြီးကို
...ခြားသည်မှာ ငြိမ်းချမ်းရေး
...ပါ တက်ကြွစွာ လိုက်လံ
...ည်း တွေ့ဆုံဆွေးနွေးမှုများ
...အဆင့်သို့သည် ဦးတည်

...းကြိုးပမ်းမှုနှင့်အတူ လူမှု
...တွက် စိတ်လက်ချမ်းသာစွာ
...အလမ်းဖော်ထုတ်ပေးမှုများ၊
...က်သွယ်ရေး၊ ပညာရေး၊
...ကောင်အထည်ဖော်လျက်ရှိ

...က် ရေရှည်တည်တံ့သော
...ိုးမှုနည်းလမ်း၊ နိုင်ငံရေး
...ရန်ဖြစ်သည်။ ဤနေရာ၌
...စ်ဝန်း၌ အထူးဖွံ့ဖြိုးရေး
...ရင်းနှီးမြှုပ်နှံလျက် လမ်း၊
...သည့် ရုပ်ဝတ္ထု အဆောက်
...က်မှုများဖြင့် တိုင်းရင်းသား
...ဆောင်ခဲ့သည့်အတွက် လူမှု
...က်ထုတ်ရေးတွင် အခြေခံ
...မှတ်ပြုရပေလိမ့်မည်။
...ါရီလ ၁၂ ရက်နေ့တွင်
...ကွ တိုင်းရင်းသားလူမျိုးစု
...င်စုစိတ်ဓာတ်သည် ယခု
...များဖြင့် ခိုင်ဖြိုးဝေဆာစွာ

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပြည်ထောင်စုကြီး ထာဝရအခွန့်ရှည်တည်တံ့ ခိုင်မြဲအောင် တည်ဆောက်ရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အစဉ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားအောင် ဖော်ဆောင်ရေး။
- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံးအတွက် ထာဝရငြိမ်းချမ်းမှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကိုကျင့်သုံးပြီး ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကဗျာ

သံပြိုင်ညီညီ ချစ်တေးသိ

❍ ဆောင်းပေမန်နှင်းပုလဲ၊ သွန်းကြဲသည်ချိန်ခါ
ခွာညိုဒြသဇင်သင်းမြမြ၊ ဝင်းပပြည်မြန်မာ
ပြည်သူ့နှလုံးသားရင်ခွင်မှာ၊ အစဉ်သာမျှော်ရှု
ပင်လုံစိတ်သည်၊ အခြေတည်
တိုင်းပြည်ညီညွတ်မှုဆီသို့လေ။

❍ ပြည်ထောင်စု၏၊ မည်သည့်ဒေသမှာမဆို
နေထိုင်ကြလဲ(လည်း)၊ ခိုင်မြဲချစ်စိတ်ပို
တစ်ဦးက တစ်ဦးကို၊ စောင့်ရှောက်လိုထာဝရ
သွေးသားရင်းအမှန်၊ အနစ်သဏ္ဍာန်
အစစ်အမှန်ချစ်ကြပါစို့လေ။

❍ မြန်မာ့မြေ မြန်မာ့အလှ၊ မြန်မာ့ဘဝ ဖွံ့ဖြိုးရန်
မြန်မာပြည်သူများ၊ ကြိုးစားရမည်အမှန်
မြန်မာ့ကြမ္မာ မြန်မာ့ကံ၊ မြန်မာ့နိုင်ငံသာယာရေး
တိုင်းရင်းသားတွေ၊ စည်းလုံးနေ
မြန်မာ့မြေ ငြိမ်းအေးလိမ့်မည်တည့်လေ။

❍ တွေးတွေးဆဆ၊ ဖေးမအပြန်အလှန်
တိုင်းတစ်ပါးလက်အောက်၊ မရောက်ရှိစေရန်
စည်းလုံးကြအမှန်၊ ဒို့နိုင်ငံအခွန့်ရှည်ရေး
ခြံစည်းရိုးသာ၊ လုံအောင်ကာ
ဝဲယာအဖျက် ဝေးမည်တည့်လေ။

❍ ငြိမ်းချမ်းရေး တေးအလှ၊ ဆိုကြ သံပြိုင်ညီ
ဒီမိုကရေစီ အဖူးအပွင့်၊ ထူးတင့်နိုင်ပေမည်
တိုင်းရင်းသားအားလုံးသည်၊ ယုံကြည်စွာတည်ဆောက်
ငြိမ်းအေးခေတ်မီ၊ ပန်းတိုင်ဆီ
ဒို့ပြည် အမြန်ရောက်မည်တည့်လေ။

❍ အချစ် မပျောက်မပျက် မခြား၊ ညီနောင်ထုဓလေ့
အစဉ်အမြဲညီ။

❍ နှစ်ခြောက်ဆယ့်ငါး၊ ပြည်ထောင်စုနေ့ဆင်နွှဲမည်။ ။

မြင်းမူမောင်နိုင်မိုး

တင့်လန်းဖွံ့ဖြိုးလျက်ရှိလာခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သစ်ကြီးသည်လည်း ပြည်သူတစ်ရပ်လုံး၏ တက်ကြွချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီလူ့ဘောင်တစ်ရပ်ကို ထူထောင်ရန် မှန်ကန်သော လမ်းကြောင်းပေါ်၌ ဦးလည်မသုန် လျှောက်လှမ်းလျက်ရှိသည်။

ခေတ်သစ်သို့ ဦးတည်သည့် ဤပြုပြင်ပြောင်းလဲကြိုးပမ်းမှုများ အောင်မြင်ရေးအတွက် အဓိကသော့ချက်မှာ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ကျောက်သား ကျောက်စိုင်ပမာ ခိုင်မာစွာ တည်ဆောက်နိုင်ရေးပင်ဖြစ်သည်။ နိုင်ငံတော်သစ်သည် တိုက်တာ၊ အဆောက်အအုံသဖွယ် ဥပမာပြုပါလျှင် ပြည်ထောင်စုစိတ်ဓာတ်သည် ယင်းအဆောက်အအုံ၏ အုတ်ကျောက်များကို ခိုင်မြဲစွာ ဆွဲကပ်စုစည်းပေးသည့် အင်္ဂတေသဖွယ် ဖြစ်ပေသည်။ ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟူသည်ကို ရင်ထဲအသည်းထဲမှ စွဲမြဲခံယူလျက် လှိုက်လှဲသော မေတ္တာ၊ စေတနာအရင်းခံဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားအတွက် ညီအစ်ကိုနောင်ဖွားတိုင်းရင်းသားပြည်သူအားလုံးက တက်ကြွစွာ ပေါင်းစည်းညီညာ ဆောင်ရွက်လုပ်ကိုင်သွားကြရန် လိုအပ်လှပါကြောင်း မီးမောင်းထိုးပြ တိုက်တွန်းလိုက်ရပါသတည်း။ ။

ဧရာဝတီတိုင်းဒေသကြီး (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက်ရှိ ကွန်ကရစ်လမ်းသစ်များဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက်တွင် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သော ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက်ရှိ မင်းရဲကျော်စွာလမ်း၊ အောင်သိဒ္ဓိလမ်း၊ အောင်မာဃလမ်းနှင့် ဘန့်ဘွေးကုန်းအပိုင်း (၁) ကွန်ကရစ်လမ်းသစ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက် ၉ နာရီခွဲတွင် ဧရာရွှေဝါခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများနှင့် အင်းလေလံဆိုင်ရာကိစ္စရပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ၌ အင်းများအတွက် ထိုက်တန်သော လေလံဈေးနှုန်းရရှိရေး၊ အမှန်တကယ်လုပ်ကိုင်သော အင်းလုပ်သားများထံ အင်းများရောက်ရှိရေး၊ တစ်ဆင့်ခံပွဲစားများထံ အင်းများမရောက်ရှိရေး၊ ဒေသခံပြည်သူများ အသား၊ ငါးကို ဈေးနှုန်းချိုသာစွာဖြင့် စားသုံးနိုင်ရေးတို့အတွက် ရည်မှန်းချက်ထားဆောင်ရွက်ရန်၊ လေလံကာလတွင် အင်းလုပ်သားတစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်ဖြစ်၍ လေလံဈေးနှုန်းများအဆမတန်မြင့်တက်မှုမရှိစေရန် ထိန်းကွပ်ပေးရေး၊ အင်းလုပ်သားများ၏လုပ်ကိုင်မှုကို မထိခိုက်စေရေးအတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးများ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ယစ်မျိုးလိုင်စင်ဆိုင်ရာကိစ္စရပ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဝန်ကြီးဌာနအလိုက် ဌာနဆိုင်ရာပြခန်းများဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရခိုင်ပြည်နယ် စတုတ္ထအကြိမ်မြောက် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ ပြိုင်ပွဲနှင့် ဝန်ကြီးဌာနအလိုက် ဌာနဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဝေသာလီအားကစားကွင်းရှိ ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်သိန်းက သစ်သီးဝလံ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ ပြိုင်ပွဲနှင့် ဝန်ကြီးဌာနအလိုက် ပြခန်းများ ဖွင့်လှစ်ခင်းကျင်းပြသရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ပြပွဲပြိုင်ပွဲနှင့် ဝန်ကြီးဌာန ပြခန်းများ ဖွင့်ပွဲအခမ်းအနားမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ ပြပွဲပြိုင်ပွဲနှင့် ဝန်ကြီးဌာနအလိုက် ပြခန်းများ၊ ကုမ္ပဏီဈေးရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ရခိုင်ပြည်နယ်တို့၏ Advocacy Meeting သို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် ပေကုန်း-ဇီးတော၊ မိုးနံကုန်း-ကျီးရိုး-အုပ်ဆပွင် ကျေးရွာချင်းဆက် ဂဝံလမ်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် ပေကုန်း-ဇီးတော၊ မိုးနံကုန်း-ကျီးရိုး-အုပ်ဆပွင်ကျေးရွာချင်းဆက် ဂဝံလမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် အုပ်ဆပွင်ရွာထိပ်ရှိ ဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ အခမ်းအနားသို့ ရမည်းသင်းခရိုင်တပ်နယ်မှူး၊ ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာများမှ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးသိန်းနိုင်၊ အလှူရှင် ရန်ကုန်မြို့ လောကနတ်သက်န်း တိုက်ပိုင်ရှင် ဦးစိုးမြင့်နှင့် ရပ်မိရပ်ဖ ဦးညီညီဝင်းတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းပိုင်းကို အဖွဲ့ရန်ပုံငွေကျပ် ၄၃၄၂၅၀၀၊ အလှူရှင် ဦးစိုးမြင့်က ငွေကျပ်သိန်း ၁၀၀၊ ပြည်သူလူထုလုပ်အားတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ပေးခြင်းဖြင့် ပေကုန်း-ဇီးတော၊ မိုးနံကုန်း-ကျီးရိုး-အုပ်ဆပွင်ကျေးရွာရှိ ပြည်သူများ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၂-၂-၂၀၁၂ (တနင်္ဂနွေနေ့)

၆း၄၅	(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
၇း၁၅	(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၇း၅၅	“မြေပြန့်တောင်ပေါ် ပင်လယ်တောင်တန်း” (မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှုဝန်ထမ်းများ) (ဒါရိုက်တာ-မျိုးအေး)
၈း၅၀	International News
၁၁း၃၀	**နိုင်ငံခြားဇာတ်လမ်းတွဲ “ရဲရုံထောက်ဘတ်ကျောင်ဂွန်း” (အပိုင်း-၄၉)**
၁၂း၃၀	**မြန်မာရုပ်ရှင် “လှိူ့ဝှက်သောနှင်း” (လွင်မိုး၊ လူမင်း၊ ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၂း၅၀	International News
၄း၁၅	(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၄း၃၀	၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၆း၂၀	ကာတွန်းအစီအစဉ် “ရေငုပ်သမားလေးအိုလီ” (အပိုင်း-၂၉)
၆း၄၀	နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ချိုချိုကြင်နာပို” (အပိုင်း-၁၃)
၇း၄၀	“ဧရာဝတီအတွက်နောက်ထပ် တံတားတစ်စင်း” (အပိုင်း-၁) “အသီးတစ်ရာအညှာတစ်ခု ဒို့ပြည်ထောင်စု” ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (ဒုတိယတွဲ) (အပိုင်း-၉၁) နိုင်ငံခြားဇာတ်လမ်းတွဲ “ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ” (အပိုင်း-၁၄)

နိုင်ငံတော်အနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများကို တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း၌ ဖွင့်လှစ်သော ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းရက်တိုသင်တန်းသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံသည် WTO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ဒေသတွင်းအဖွဲ့အစည်းများဖြစ်သည့် AFTA, GMS, BIMSTEC, ACME စသည့် စီးပွားရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရသည့် ဒေသတွင်းအဖွဲ့အစည်းများတွင် အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ကြောင်း၊ ASEAN နိုင်ငံများ၏ စီးပွားရေးအသိုက်အဝန်း (ASEAN Economic Community- AEC) အကောင်အထည်ဖော်မှုကို ၂၀၁၅ ခုနှစ်တွင် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိပြီး ASEAN နိုင်ငံများအတွင်း ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ အရင်းအနှီးများ လွတ်လပ်စွာစီးဆင်းရေးနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာသွားလာနိုင်ရေးအတွက် အဓိကထား၍ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုသာမက အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုများကို တိုးတက်ဖြစ်ထွန်းအောင် တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း၊

ယခု ဖွင့်လှစ်သည့် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်း ရက်တိုသင်တန်းသည် ပို့ကုန်သွင်းကုန်လုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ဆက်စပ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို သင်ကြားပို့ချ ဆွေးနွေးပေးသွားရန် စီစဉ်ထားကြောင်း၊ ယခုသင်တန်းတွင် ဆွေးနွေးပေးသွားမည့် ဌာနဆိုင်ရာနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော်၏မူဝါဒများကို ထင်ဟပ်စေသည့် နိုင်ငံတော်၏ ကုန်သွယ်မှုဆိုင်ရာ အတွေးအမြင်များ၏ အခြေခံသဘောတရားများဖြစ်သည့်အပြင် လုပ်ငန်းရှင်များ၏ လက်တွေ့ဘဝနှင့် ဆက်စပ်ဆောင်ရွက်ခြင်းဖြင့် ပိုမိုအကျိုးရှိစေမည်ဖြစ်ကြောင်းနှင့် ယခုသင်တန်းမှ ဆွေးနွေးပို့ချချက်များကို လုပ်ငန်းခွင်တွင် ထိထိရောက်ရောက်အသုံးချနိုင်ပြီး မိမိတို့၏လုပ်ငန်းများအား အောင်မြင်စွာဆောင်ရွက်နိုင်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၇ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံ၊ မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့်အတူ အသင်း၌ကောက်ပဲသီးနှံများရောင်းဝယ်မှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး ကုန်သည်များ၊ စက်ပိုင်များ၊ ပွဲစားများနှင့် တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း၌ ဖွင့်လှစ်သော ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်း ရက်တိုသင်တန်းတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးနှင့် အောင်နိုင်ရေးအထောက်အကူပြုစခန်းရှိ လူငယ်အားကစားသမားများ၏ လေ့ကျင့်နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၁

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့နံနက် ၇ နာရီတွင် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမသို့ရောက်ရှိပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးနှင့် အောင်နိုင်ရေး အထောက်အကူပြုစခန်းရှိ လူငယ်အားကစားသမားများ၏ အလေးမအားကစားနှင့် လက်ဝှေ့ အားကစားနည်းများ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးကာ ပြိုင်ပွဲမကျင်းပမီ လေ့ကျင့်နေသည့်ကာလအတွင်း လေ့ကျင့်ရေးဇယားအတိုင်း နည်းစနစ်မှန်မှန် ပြင်းပြင်းထန်ထန် ထိထိရောက်ရောက်လေ့ကျင့်ကြရန်နှင့် စခန်းမှချမှတ်ထားသောစည်းကမ်းများကို လိုက်နာလေ့ကျင့်သွားကြရန် မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အားကစားဇုန်ရှိ တာဝေးအားကစားပြိုင်ပွဲများ ကွပ်ကဲမှုရုံးသို့ရောက်ရှိပြီး မြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများ၏ အကြောလျှော့လေ့ကျင့်နေမှုများနှင့် အမျိုးသား/အမျိုးသမီး ကီလို ၆၀ တာဝေး စက်ဘီးစီးပြိုင်ပွဲ တာလွတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇေယျာရွှေမြေတိုက်စစ်မှူး ကျော်ကိုကို ကမ္ဘောဇနောက်တန်းသို့ ကျော်ဖြတ်နေစဉ်။

ကမ္ဘောဇနှင့် ဇေယျာရွှေမြေအမှတ်ခွဲယူ

တောင်ကြီး ဖေဖော်ဝါရီ ၁၁

MNL MYANMAR 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၆)ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပခဲ့သည်။

(KBZ ကွင်း)
ကမ္ဘောဇ-တစ်ဂိုး
(စိုးမင်းဦး)
ဇေယျာရွှေမြေ-တစ်ဂိုး
(မင်းကိုကို)

ငါးပွဲဆက်နိုင်ပွဲရပြီး ထိပ်ဆုံးတွင် ဦးဆောင်နေသည့် ကမ္ဘောဇအသင်းမှာ အိမ်ကွင်းတွင် ဇေယျာရွှေမြေကို အနိုင်မကစားနိုင်ခဲ့ဘဲ နိုင်ပွဲဆက်စံချိန် ရပ်တန့်ခဲ့ရသည်။ အိမ်ကွင်းတွင် ဇေယျာရွှေမြေအသင်းနှင့် တွေ့ဆုံတိုင်း ရှုံးကန်ရလေ့ရှိသည့် ကမ္ဘောဇအသင်းမှာ ယခုပွဲတွင်လည်း နောက်ကလိုက်ကစားခဲ့ရပြီး တိုက်စစ်မှူး စိုးမင်းဦး၏ ချေပဂိုးကြောင့်သာ အမှတ်ရခဲ့ခြင်းဖြစ်သည်။

အနိုင်ရရှိရေးအတွက် နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့ပြီး ပထမပိုင်းတွင် ကစားကွက် တည်မရဖြစ်နေ၍ ပွဲမှာ အေးသဃောင်ရှိခဲ့သည်။ ဒုတိယပိုင်းတွင် ပွဲမှာ အကြိတ်အနယ်ရှိလာပြီး ဇေယျာရွှေမြေအသင်းက ဦးဆောင်ဂိုးစရခဲ့သည်။ ၆၉ မိနစ်တွင် ကျော်ကိုကို၏ ကန်ချက် ကမ္ဘောဇဂိုးသမား ကျော်ဇင်ထက်ထံမှ လျှံထွက်လာသော ဘောလုံးကို မင်းကိုကိုက ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ခိုင်ဇော်ထွန်း၊ သိန်းသန်းဝင်းတို့ဝင်လာမှ ကမ္ဘောဇကစားပုံ ပိုကောင်းခဲ့ပြီး ချေပဂိုးကို ၇၂ မိနစ်တွင် စိုးမင်းဦးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

(NPTကွင်း)
နေပြည်တော်-ဂိုးမရှိ
ရန်ကုန်ယူနိုက်တက်-ဂိုးမရှိ
(ပဒုမ္မာကွင်း)
ဟံသာဝတီယူနိုက်တက်-တစ်ဂိုး
(ဂျူနီယာ)
ဧရာဝတီယူနိုက်တက်-တစ်ဂိုး
(မင်းမင်းသူ)
(အောင်ဆန်းကွင်း)
မကွေး-လေးဂိုး
ချင်းယူနိုက်တက်-တစ်ဂိုး

၁၃-၂-၂၀၁၂
(ဗထူးကွင်း)
ရတနာပုံ-ရက္ခပူရ
(အောင်ဆန်းကွင်း)
မနောမြေ-မောရဝတီ

သတင်းနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၌ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၌ မီးလောင်မှုဖြစ်ပွားရာ ဆီသယ်ယာဉ်၏ ဘီးများ၊ လုပ်သားနားနေဆောင် တစ်လုံး၊ စက်သုံးဆီအနည်းငယ် မီးလောင်ဆုံးရှုံးပြီး အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦး မီးလောင်ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြောင်း သိရှိရသည်။

ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၃၅၄)၌ မွန်းလွဲ ၁ နာရီခန့်တွင် ဂါလန် ၁၆၀၀ ဆံ့ ဆီသယ်ယာဉ်တစ်စီးမှ ဆီသိုလှောင်ကန်သို့ ဆီဖြည့်စဉ် အပူချိန်လွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဆီသယ်ယာဉ်၏ နောက်ဘီးလေးလုံးနှင့် အပိုဘီးတစ်လုံး၊ ရှေ့လေကာမှန်တစ်ချပ်နှင့် ဆီဖြည့်လုပ်သား နားနေဆောင်တစ်လုံး ပျက်စီးဆုံးရှုံးပြီး စက်သုံးဆီအရောင်းဆိုင် ဒုတိယမန်နေဂျာ ဦးမြင့်အောင် မီးလောင်ဒဏ်ရာ အနည်းငယ်ရရှိသဖြင့် နေပြည်တော် ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ မီးလောင်ရာသို့ နေပြည်တော် ကောင်စီနယ်မြေရှိ မီးသတ်စခန်း ၁၁ခုမှ မီးသတ်ယာဉ် ၃၂စီးနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိက ရေသယ်ယာဉ် ၁၃စီးတို့ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် မွန်းလွဲ ၁ နာရီ မိနစ် ၄၀တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ဇမ္ဗူသီရိမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ်(၀၃၅၄)၌ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်နေကြစဉ်။

(သတင်းစဉ်)



ဇန်နဝါရီ ၂၃ ရက်က မုံရွာမြို့ အောင်မင်္ဂလာရပ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရေး စုံညီပွဲတော် ထူးချွန်ဆုချီးမြှင့်ပွဲတွင် တတိယတန်းမှ ပညာရည်ချွန်ဆုရရှိသူ မောင်လင်းမြင့်သက်ခိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းငယ်ထွေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

သံတွဲမြို့ ဒွါရဝတီ မြို့မဈေးကြီးမီးလောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ယနေ့ နံနက် ၅ နာရီ ၁၅ မိနစ်ခန့်က ရခိုင်ပြည်နယ် သံတွဲမြို့ ဒွါရဝတီမြို့မဈေးကြီး၌ မီးလောင်မှုဖြစ်ပွားခဲ့သည်။ နံနက် အရုဏ်တက်ဈေးဖွင့်ချိန်တွင် စတင်လောင်ကျွမ်းခဲ့သော အဆိုပါမီးကြောင့် ဆိုင်ခန်း ၅၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

မီးလောင်ကျွမ်းရာသို့ သံတွဲမြို့နှင့် တောင်ကုတ်မြို့ မီးသတ်တပ်ဖွဲ့တို့မှ ငြိမ်းသတ်ခဲ့ရာ နံနက် ၈နာရီခွဲခန့်တွင် မီးညွန့်ကျိုးသွားခဲ့သည်။ **(အပေါ်ပုံ)**(သတင်းစဉ်)

ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လျက်ရှိရာ သိသာထင်ရှားသော အောင်မြင်ဖြစ်ထွန်းမှုများကို တွေ့ရှိနေရင့်ကျက်မှု၊ အချိန်ကာလနှင့် တိုင်းရင်းသားပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအပေါ် မူတည်၍ ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာတိုးတက်လာမည် ဆက်လက်၍ တည်ငြိမ်အေးချမ်းစွာဖြင့် ဒီမိုကရေစီစနစ်ကို ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထား

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းများခင်ဗျား-

ယနေ့သည် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီရင်းအစ်ကို မောင်ရင်းနှမ သွေးချင်းများအားလုံးတို့၏ ရင်ထဲတွင် အစဉ်ထာဝရ သတိတရရှိနေသည့် နေ့ထူးနေ့မြတ်ဖြစ်သော (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်ပါသည်။ ယနေ့အချိန်အခါသည် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ ထာဝရငြိမ်းချမ်းသာယာရေးတို့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်နေချိန် ဖြစ်ပါသည်။ ယခုနှစ်၏ ပြည်ထောင်စုနေ့သည် တိုင်းရင်းသားပြည်သူများ အဆင့်ဆင့်ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုအစိုးရသစ်အနေဖြင့် ပထမဆုံးအကြိမ်ကြုံကြိုက်သည့် နေ့ထူးနေ့မြတ် အခါသမယလည်း ဖြစ်ပါသည်။ ဤကဲ့သို့သော အခါသမယတွင် တိုင်းရင်းသား သွေးချင်းများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပြီး ထာဝရပျော်ရွှင် ငြိမ်းချမ်းကြပါစေ၊ ဘေးဘယာဝေးကွာပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ဥမကွဲသိုက်မပျက် နေထိုင်ခဲ့ကြသည့် ပြည်ထောင်စုကြီးဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ရေမြေသဘာဝအရ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ယခင်အခါက တိုင်းရင်းသားအချင်းချင်း နီးလျက်နှင့်ဝေးခဲ့ကြရသည်။ ကိုလိုနီနယ်ချဲ့တို့လက်အောက်သို့ မြန်မာနိုင်ငံကျရောက်ချိန်တွင် နယ်ချဲ့တို့သည် ပြည်မနှင့်တောင်တန်း ခွဲခြားအုပ်ချုပ်၍ သွေးခွဲခဲ့ကြသည်။ တစ်သွေးတည်း တစ်သားတည်း နေထိုင်ခဲ့ကြသော တိုင်းရင်းသားတို့အကြား ကိုလိုနီစနစ်၏ စနစ်တကျသပ်လျှိုသွေးခွဲအုပ်ချုပ်ခြင်းကို နှစ်ပေါင်းများစွာခံခဲ့ကြရသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းများခင်ဗျား-

ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားအချင်းချင်း သံသယဝင်ခဲ့ကြသည့်အတွက် လွတ်လပ်ရေးကြိုးပမ်းသည့်ကာလတွင် ပြည်မနှင့် တောင်တန်းဒေသ လွတ်လပ်ရေးအတူတကွရယူနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြရပေသည်။ မြန်မာပြည် လွတ်လပ်ရေးရရှိရန်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုသည် အဓိကလိုအပ်ချက်ဖြစ်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံမြို့၌ ညီလာခံကျင်းပကာ ပင်လုံစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးပြီး တစ်နှစ်မပြည့်မီမှာပင် ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိခဲ့ပေသည်။ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့် ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနေ့အဖြစ်သတ်မှတ်ပြီး ပြည်ထောင်စုနေ့အခမ်းအနားများကို နှစ်စဉ် နိုင်ငံတစ်ဝန်းလုံးတွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် (၆၅)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းများခင်ဗျား-

ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန်အတွက် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာဖြင့် လွတ်လပ်ရေးကို အသက်၊ သွေး၊ ချွေး များစွာရင်း၍ ရယူခဲ့ကြရပါသည်။ ရရှိခဲ့ပြီးဖြစ်သော လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရေး၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲလျှင် နိုင်ငံတော်လည်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲမည်ဖြစ်ပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖော်ဆောင်နေသော အစိုးရသစ်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာအောင် အထူးအလေးထားပြီး တည်ဆောက်လျက်ရှိပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် ပထဝီဝင်အနေအထားအရ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တိုင်းရင်းသားများနေထိုင်ရာဒေသများကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ကားလမ်း၊ ရထားလမ်းများနှင့် တံတားကြီးများကို တည်ဆောက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ အဆင့်အတန်းများကို မြင့်မားလာအောင် မြှင့်တင်ပေးလျက်ရှိပါသည်။ တစ်နေရာနှင့်တစ်နေရာ ကူးလူးဆက်ဆံ ထိတွေ့မှုများလာပြီး တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးလာသည်နှင့်အမျှ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှုပိုမိုခိုင်မြဲကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်လာမည်ဖြစ်ပါသည်။

ယနေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင် တိုင်းတစ်ပါးယဉ်ကျေးမှု၏ ထိုးဖောက်ဝင်ရောက်လာခြင်းကို ခံနေရသည့်အချိန်ဖြစ်၍ ကျွန်ုပ်တို့တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ၊ ဂီတအနုပညာစသည့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းကာကွယ်ရန်အထူးလိုအပ်ပေသည်။ ထိုသို့ ထိန်းသိမ်းကာကွယ်ရန် တိုင်းရင်းသားအချင်းချင်း တစ်ဦး၏ ဓလေ့ထုံးတမ်းများကို တစ်ဦးက လေးစားမြတ်နိုးတန်ဖိုးထားပြီး အပြန်အလှန် ပူးပေါင်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။

ဤသို့ဖြင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ မြင့်မားလာပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထွန်းကားလာကာ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်ကာကွယ်ရေး အင်အားကိုလည်း ခိုင်မာတောင့်တင်းအောင် သားစဉ်မြေးဆက် တည်ဆောက်သွားကြရမည်ဖြစ်သည်။ နိုင်ငံတော် ကာကွယ်ရေး မတောင့်တင်းလျှင် အင်အားကြီးနိုင်ငံတို့၏ အနိုင့်အထက်ပြုမူခြင်းကို တိုင်းရင်းသားပြည်သူများအနေဖြင့် ခံကြရမည်ဖြစ်ပေသည်။ သို့ပါ၍ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်သည့် ခေတ်မီတပ်မတော်ကို ဖွဲ့စည်းရာတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးပါဝင်ကြရန် လိုအပ်ပေသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းများခင်ဗျား-

မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သည့် သဘာဝအရင်းအမြစ်သယံဇာတများကို အကျိုးရှိစွာအသုံးပြုပြီး ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွလက်တွဲ၍ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ၌ လက်ရှိတိုးတက်မှုရှိနေသည့် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင် ဆောင်ရွက်ရင်း စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်အောင် ကြိုးပမ်းလျက်ရှိပါသည်။ စက်မှုနိုင်ငံထူထောင်ရန် လိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် စသည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့ကို နိုင်ငံတကာအဆင့်မီမြင့်မားတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိသည်။

အလုပ်အကိုင်အခွင့်အလမ်းများ၊ နည်းပညာကျွမ်းကျင်မှုများနှင့် အရင်းအနှီးများ ရရှိစေရန်အတွက် ပြည်ပ ရင်းနှီးမြှုပ်နှံမှုကို လက်ခံဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင်လည်း အားပေးကူညီဆောင်ရွက်လျက်ရှိပေသည်။ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေး ပီပြင်စွာဖြစ်ပေါ်လာစေရန် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံနှင့် တိုင်းရင်းသားပြည်သူတို့၏အနာဂတ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းများခင်ဗျား-

ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် အဓိကမဏ္ဍိုင်ကြီး(၃)ရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီနည်းလမ်းနှင့်အညီ စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုအခါ ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်အသီးသီးတွင် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်နေပြီဖြစ်ပေသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် ဒီမိုကရေစီသည် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြင့် တွဲဖက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပေသည်။ အစိုးရအဖွဲ့သစ်အနေဖြင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်စေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးပေသည်။ တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်သည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ဝန်ထမ်းများအပါအဝင် ပြည်သူအားလုံးသည် တရားဥပဒေကို လေးစားလိုက်နာကြရမည်ဖြစ်ပေသည်။ ဥပဒေအရာတွင် နိုင်ငံသားအားလုံး တန်းတူခံစားခွင့်ရရှိစေရေးအတွက် အကာအကွယ်ပေးပြီး တရားရေးမဏ္ဍိုင်ကိုလည်း ခိုင်ခံ့အောင် တည်ဆောက်ပေးလျက်ရှိပေသည်။

ဒီမိုကရေစီသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အရေးကြီးပုံကို အသိအမှတ်ပြုခြင်းဖြစ်၍ တိုင်းရင်းသားအချင်းချင်း တစ်ဦးအပေါ် တစ်ဦး အပြန်အလှန်လေးစားတန်ဖိုးထားခြင်းသည်လည်း ဒီမိုကရေစီ၏ အနှစ်သာရကို ဖော်ဆောင်ခြင်းဖြစ်ပါသည်။ လူပုဂ္ဂိုလ်အသီးသီးသည် အသိဉာဏ်ပညာတွင်လည်းကောင်း၊ စိတ်နေစိတ်ထားတွင်လည်းကောင်း ကွဲပြားနိုင်သော်လည်း ထိုမတူညီသော အတွေးအခေါ် အယူအဆအမျိုးမျိုးမှ နိုင်ငံတော်အတွက် အဖိုးတန်ရလဒ်ကောင်းများပေါ်ပေါက်လာရန် ဒီမိုကရေစီက ဖော်ဆောင်ပေးသည်။ ဒီမိုကရေစီရှင်သန်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အတွေးအခေါ်၊ အသိဉာဏ်ပညာ တိုးတက်ရင့်သန်လာစေရန် ကြိုးပမ်းပြီး ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ကြရပေမည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းများခင်ဗျား-

အစိုးရအဖွဲ့သစ်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများနှင့် စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်သွားရန် အထူးပင်လိုအပ်လှပေသည်။

ဒီမိုကရေစီဖော်ဆောင်ရာတွင် မတူညီသည့်အမြင်သဘောထားများ ရှိကြမည်ဖြစ်သော်လည်း တိုင်းပြည်၏ အကျိုးစီးပွားအတွက် တူညီသည့်ကိစ္စများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး နိုင်ငံတော်ကိစ္စရပ်များတွင်ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ကြမည်ဆိုပါက တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်ဖြစ်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သစ်အနေဖြင့်လည်း ငြိမ်းချမ်းရေးတံခါးကို ဖွင့်လှစ်ထားပြီးဖြစ်ရာ လက်ကမ်းကြိုဆိုနေမည် ဖြစ်ပေသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းများခင်ဗျား-

အစိုးရသစ် တာဝန်ယူချိန်မှစ၍ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက် လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသော အားဖြင့်လည်းကောင်း၊ နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်စေရေးအတွက် လည်းကောင်း ရည်ရွယ်၍ အကျဉ်းထောင်အသီးသီးမှ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူများကို ယနေ့အထိ(၄)ကြိမ်တိုင်တိုင် လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ အစိုးရသစ်အနေဖြင့် ပြည်သူ့ဆန္ဒကို လေးစားလိုက်နာ ဖြည့်ဆည်းပေးလျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပေသည်။

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းများခင်ဗျား-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရင်း ဂုဏ်သိက္ခာရှိသည့် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တာဝန်ကျေပွန်စွာ ထည်ထည်ဝါဝါ ရပ်တည်သွားမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်လျက်ရှိရာ သိသာထင်ရှားသော အောင်မြင်ဖြစ်ထွန်းမှုများကို တွေ့ရှိနေရပြီဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင်ရင့်ကျက်မှု၊ အချိန်ကာလနှင့် တိုင်းရင်းသားပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအပေါ် မူတည်၍ ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာတိုးတက်လာမည်ဖြစ်ပါသည်။ ဆက်လက်၍တည်ငြိမ်အေးချမ်းစွာဖြင့် ဒီမိုကရေစီစနစ်ကို ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ပေသည်။

သို့ဖြစ်ပါ၍ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့မှစ၍ ပြည်ထောင်စုသားအားလုံးတို့သည် ယခင့်ယခင်ကထက်ပို၍ ကိုယ့်လူမျိုးကို ချစ်ကြရပေမည်။ ကိုယ့်တိုင်းပြည်ကို ချစ်ကြရပေမည်။ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း ကမ္ဘာ့မိသားစုဝင်နိုင်ငံအားလုံးနှင့် သဟဇာတဖြစ်အောင် ရင်းနှီးစွာပေါင်းသင်းဆက်ဆံဆောင်ရွက်သွားကြရပေမည်။ ထို့အပြင် တိုင်းတစ်ပါးကို အားကိုးလိုသည့် စိတ်ဓာတ်များကို ပယ်ဖျောက်၍ ကိုယ့်ပြည်တွင်းအားကို ကိုယ်ကိုးစား ယုံကြည်လျက် တိုင်းပြည်ကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ကြရပေမည်။ ထို့အတူ ယခုနှစ် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ထာဝရငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် အစဉ်တည်တံ့ခိုင်မြဲအောင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး ညီညီညာညာလက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း လေးနက်စွာ တိုက်တွန်းအပ်ပါသည်။ ။

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု

"ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားအတွက် ညီအစ်ကိုနောင်ဖွား တိုင်းရင်းသားပြည်သူအားလုံးက တက်ကြွစွာပေါင်းစည်းညီညာ ဆောင်ရွက်လုပ်ကိုင်သွားကြရန်လိုအပ်"

ကိုမြန်မာ ၏ ပြည်ထောင်စု၏ အလှတရား

(ဆောင်းပါး) စာမျက်နှာ - ၁၉

မြင်းမူမောင်နိုင်မိုး ၏

သံပြိုင်ညီညီ ချစ်တေးသီ

(ကဗျာ) စာမျက်နှာ - ၉